# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇ )ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဇနီးကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကျန်းမာရေး။ ဗိုလ်မှူး တင်အောင်မိုး၊ တပ်မတော်၊ ဆေးရုံတက်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ နံနက်ပိုင်း နေ့တစ်ဝက်ခွင့်၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ။ ယနေ့ သောကြာနေ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်း ဒီနှစ်ခုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ပုဂ္ဂိုလ်(၁၇)ဦး ရှိပါတယ်။ ဥပဒေကြမ်း တင်သွင်းမယ့် ပုဂ္ဂိုလ်က(၂)ဦး ရှိပါတယ်။ ဆွေးနွေးတဲ့အခါမှာ (၁၀)မိနစ်ထက်မပိုဘဲ ဆွေးနွေးကြဖို့နဲ့။ ဥပဒေကြမ်း တင်သွင်းတဲ့ ပုဂ္ဂိုလ်များလည်း (၅)မိနစ်အတွင်း ပြီးအောင် တင်သွင်းကြဖို့ ဖြစ်ပါတယ်။ နေ့လယ်(၁)နာရီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ အစည်းအဝေး ရှိပါတယ်။ အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၅၀)ကျော် တက်ရောက်ရမှာ ဖြစ်တဲ့အတွက် အဲဒီ ကိုယ်စားလှယ်များ နေ့လယ်စာ စားဖို့နဲ့ အချိန်ရအောင် (၁၂)နာရီမှာ ထွက်ခွာသွားလို့ရပါတယ်။ ခွင့်တင်ဖို့ မလိုပါဘူး။ ဒီ ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေကလည်း လွှတ်တော်က ၃၀ ရက်နေ့မှာ နောက်ဆုံးထားပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီ ဥပဒေကြမ်း နှစ်ခုကို တနင်္လာနေ့မှာ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ စနေ၊ တနင်္ဂနွေအတွင်းမှာ ဒီဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဥပဒေကြမ်းကော်မတီနဲ့ အပြီးသတ် ကြားနာထားပြီးတော့ တနင်္လာနေ့မှာ အဆုံးအဖြတ်ရယူနိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ကြိုတင် အစီအရင်ခံချင်တာတော့ ဒီနေ့ ဥက္ကဋ္ဌက ကျန်းမာရေး အရ ဆေးသောက်ထားတဲ့အခါမှာ ဒီဆေးက အတော်လေး အိပ်ငိုက်တတ်တဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့ ဆွေးနွေးတဲ့အခါမှာ ပျင်းပျင်းတွဲတွဲ မဆွေးနွေးဘဲနဲ့ တက်တက်ကြွကြွ ဆွေးနွေးကြပါ။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၁၂။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာနက ချပြတဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကို လေ့လာတဲ့အခါမှာ အခန်း(၈)ခန်းနဲ့ အပိုဒ်(၃၂)ပိုဒ် ပါရှိ ပါတယ်။ အဲဒီ အပိုဒ်ထဲမှာ အခန်းထဲမှာမှ ကျွန်တော်တို့ အခန်း(၃)မှာ သာသနာရေးနဲ့ဆိုင်တဲ့ ကိစ္စရပ်လေး တစ်ချက်ပါရှိပါတယ်။ အဲဒါကတော့ ဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာစေမည့် အကြောင်းအရာ ထုတ်ဝေခြင်း မပြုရလို့ သူ့ဟာသူ ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေတစ်ခုလုံးကို ခြုံကြည့်တဲ့အခါမှာ အဓိက အချက်က ဘာသာရေးနဲ့ပတ်သက်တဲ့ ထုတ်ဝေမှု စာအုပ်လုပ်ငန်းဟာ အဓိက အရေးကြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းမှာ ဖြည့်စွက်ချင်တာကတော့ အခန်း(၃) အနေနဲ့ အခန်းတစ်ခန်းဖွင့်ပြီးတော့ အခန်း(၃)အနေနဲ့ ဘာသာရေးဆိုင်ရာ စာအုပ်စာပေ ထုတ်ဝေ ခြင်းကို လိုက်နာရန် စည်းကမ်းဆိုပြီးတော့ အခန်းတစ်ခန်းအနေနဲ့ ဖော်ပြလို့ အဲဒါကတော့ အခန်း(၃) အနေနဲ့ နဂိုရှိတဲ့ အခန်း(၃)နေရာမှာ လက်ရှိအခန်း(၃)တွင် ဖြည့်စွက်လိုပါတယ်။ အဲဒီကမှတစ်ဆင့် အပိုဒ်(၇)အနေနဲ့က ဘာသာရေးဆိုင်ရာ ထုတ်ဝေပုံနှိပ်ခြင်းနှင့် တိတ်၊ စီဒီ၊ ဗွီဒီယို တိတ်ခွေများ ထုတ်ဝေလိုလျှင် သက်ဆိုင်ရာ သာသနာရေးဝန်ကြီးဌာနသို့ တင်ပြပြီး စိစစ်အတည်ပြု ပြီးမှသာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ညွှန်ကြားရေးမှူးထံတွင် ဆက်လက်မှတ်ပုံတင် ထုတ်ဝေသွားရမည်လို့ ကျွန်တော် ထည့်သွင်းစေလိုပါတယ်။

အဲဒီထဲမှာ အပိုဒ်(၁)(က)အနေနဲ့က သာသနာရေးဝန်ကြီးဌာနသည် ပေးပို့လာသော စာမူများကို သက်ဆိုင်ရာ ဘာသာအလိုက် စိစစ်ရေးအဖွဲ့သို့ ပေးပို့စိစစ်သွားရမည်။ အပိုဒ်(ခ) စိစစ်ရေးအဖွဲ့မှ ပြန်လည်ပေးပို့မှုပေါ်မူတည်၍ စာမူများ၊ စီဒီ၊ ဗွီဒီယိုတိတ်ခွေများကို ထုတ်ဝေခွင့် ပြုခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြန်လည်တင်ပြစေခြင်း၊ ပိတ်ပင်ခြင်းဖြင့် စသည်ဖြင့် ကာယကံရှင်ထံသို့ လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ တရားဝင်ပြန်ကြားရမည်လို့ ကျွန်တော် အဲဒီ တစ်ပိုဒ်ကို ဥပဒေကြမ်းမှာ ထည့်သွင်းတင်ပြချင်ပါတယ်။ တင်ပြတဲ့ ဖြည့်စွက်ချင်တဲ့ အကြောင်းရင်း ကတော့ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ ၁၉၆၂ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ(၁၀) ပေါ်ထွက်လာပြီး နောက်ပိုင်းမှာ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာပေများကို စာမူကြိုတင် စိစစ်ခွင့်ပြုမှသာ ဆောင်ရွက်ခဲ့ရပါတယ်။

မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော ဒီမိုကရေစီလမ်းစဉ်ကို ဦးတည်သည့်အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစ၍ စာအုပ်စာပေများကို ထုတ်တဲ့စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ရာ စာအုပ်စာပေနှင့် အသံသွင်းတိတ်ခွေ၊ ဗွီဒီယိုတိတ်ခွေ များသာ ကြိုတင် စိစစ်နိုင်မှုမရှိတော့ပါ။ ထုတ်ဝေဖြန့်ပြီးမှ စာအုပ်စာပေ၊ ဗွီဒီယိုတိတ်ခွေများကို စိစစ်ရသဖြင့် ကြိုတင်ထိန်းသိမ်း ရှောင်ရှားနိုင်သည့်အဆင့်ကို ကျော်လွှားပြီးမှသာ သတင်းမီဒီယာများ၏ အလျင်အမြန် စသည့် အင်တာနက်ဖြန့်ချိမှု ကာကွယ်မှုကာလမျိုးတွင် ထိန်းသိမ်းရန် အလွန်ခက်ခဲ သွားပါတယ်။ နောက် ထုတ်တဲ့စနစ်အရ ပုံနှိပ်ပြီး ဘာသာရေးစာအုပ်အချို့ဟာ ပိဋကတ်စာနဲ့ မလျော်ညီသော စာပေများ ပိဋကတ်တော်နှင့် မဆန့်ကျင်ဘဲနဲ့ အယူအဆ ချွတ်ချော်လွဲမှား နိုင်သည့် အချက်အလက်များတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံတွင် အများစုကိုးကွယ်သည့် ဗုဒ္ဓဘာသာ လောကုတ္တရာ ဓမ္မစာပေသည် ပြည့်စုံကျယ်ပြန့်နက်နဲ၍ အလွန်တရာ သိမ်မွေ့လာသဖြင့် အယူအဆ အမှားမခံနိုင်သဖြင့် ဗုဒ္ဓဘာသာ စာပေရေးရာတွင် အများနှင့် တန်းတူထား၍ မရနိုင်ပါ။ အမှားအမှန်ကို မစစ်ဆေးဘဲ၊ ထုတ်ပြီးမှ စိစစ် ပါက မီးလောင်ရာ ပြာကျပြီးမှ မီးသတ်ကား ခေါ်သကဲ့သို့လည်းကောင်း၊ အနာလွန်မှ ဆေးတင် သကဲ့သို့ လည်းကောင်း ဖြစ်နိုင်ပါတယ်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်တွင် ဗုဒ္ဓဘာသာ လူပုဂ္ဂိုလ်အား ပုဂ္ဂိုလ်အနေနဲ့ သန့်ရှင်းသည့်နည်းတူ၊ ဓမ္မအားဖြင့်ပါ သန့်ရှင်းမှသာ သာသနာတော် သန့်ရှင်း တည်တံ့ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်နိုင်ပါတယ်။ ဝေဖန်အကြံပြုချက်များလည်း ရရှိထားပါတယ်။

ထို့ပြင် အခြားဘာသာတစ်ခုကို အစီအစဉ်ရှိရှိ ပုတ်ခတ်ဟောပြောခြင်း၊ စီဒီများ ထုတ်ဝေ ခြင်းများကို တွေ့ရှိရသဖြင့် ထို့ထက် တစ်ဆင့်တက်လာမည်ကို စိုးရိမ်ရပါတယ်။ ယုံကြည်ကိုးကွယ်မှု၊ ဘာသာတရား အငြင်းပွားမှုသည် သိမ်မွေ့နက်နဲသည်နှင့်အမျှ အဓိပ္ပာယ်ကောက်ယူလွဲမှားမှုများသည် အများအပြား ရှိခဲ့ပါတယ်။ ဘာသာအဆုံးအမ တရားသော်လည်းကောင်း ငြိမ်းအေးမှု၊ ပျော့ပြောင်း မှုကို ပြအပ်နေသော်လည်း ဘာသာဝင်အစွဲများက ပြင်းပြထားသဖြင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာပိဋကတ်တော်နှင့် ညီညွတ်မှုမရှိ တရားမဝင် ရေးသားပြုစုမှုများကြောင့် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့မှ အဓမ္မဝါဒ ဆုံးဖြတ်ရသည့် လူသေ လူဖြစ်ဝါဒ၊ ကျောက်သင်ပုန်း ဝါဒ၊ ကျောက်ပုံတောရဝါဒ၊ ဓမ္မနီတိဝါဒ၊ ဆူးလေဦးမြင့်သိန်းဝါဒ၊ ယခု အရှင်ညာဏ၏ မိုးပြာဂိုဏ်းဝါဒ၊ အဓမ္မဝါဒပေါင်း (၂၀)ခုရှိပြီး၊ ၎င်းကို တားမြစ်ထားခဲ့ရပါတယ်။ အရှင်ညာဏ၏ မိုးပြာဂိုဏ်းဝါဒ

လို့ရှိဆိုရင် အရက်ကို မူးအောင်သောက်လျှင် သီလပျက်မည်။ မမူး၊ မလွန်အောင်သောက်လျှင် သီလမပျက်၊ ကုသိုလ်ကောင်းမှုပြုခြင်းသည် လူ့လမ်းစဉ်မဟုတ်၊ ပုဂ္ဂလိကပစ္စည်းခိုးလျှင် အပြစ်ရှိ၏။ ပြည်သူပိုင်ပစ္စည်းခိုးလျှင် အပြစ်မရှိ စသည့် တရားမဝင် ရေးသားဟောပြောချက်များသည် ထေရဝါဒ ပိဋကတ်တော်နဲ့ တရားတော်နဲ့ လုံးဝဆန့်ကျင်သဖြင့် နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့မှ (၄၇)ပါး စုံညီအစည်းအဝေးမှာ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ပြီး ပိတ်ပင်ခဲ့ရပါတယ်။

ဤသို့ ပိတ်ပင်ခဲ့သည့်အတွက်ကြောင့် ဘာသာရေးပဋိပက္ခ အငြင်းပွားမှုများကို အန္တရာယ်ကို ရှောင်ရှားနိုင်ခဲ့ပါတယ်။ ခရစ်ယာန်၊ အစ္စလမ်၊ ဟိန္ဒူစသည့် ဘာသာခြားများကလည်း စာအုပ်စာပေများ ထုတ်ဝေရာတွင် ဘာသာတစ်ခုနဲ့တစ်ခု ပုတ်ခတ်ရေးသားခြင်း၊ အခြား ဘာသာတစ်ခု အကြောင်းအရာများကို မကျွမ်းကျင်ဘဲရေးသားခြင်း၊ အကြောင်းအရာယှက်ရေးသားခြင်း၊ စကားလုံးများ ငှားယူသုံးစွဲခြင်းစသည့် အခြေအနေများသည် ဘာသာအချင်းချင်း မလိုလားအပ်သော ပဋိပက္ခပေါ်ပေါက်ကာ လုံခြုံရေးကို ထိခိုက်နိုင်သည့် အခြေအနေမျိုးအထိရောက်နိုင်သောကြောင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကို ထုတ်ဝေခြင်းမပြုမီ လုပ်ထုံးလုပ်နည်းနှင့်အညီ ဤဝန်ကြီးဌာနသို့ တင်ပြ၍ ၎င်းတင်ပြချက်အရ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့မှ ဆရာတော်များက ကြိုတင်စိစစ်ပေးရပါမည်။

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(က) အရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၈ နဲ့ ၁၉ အရလည်းကောင်း၊ မိမိတို့ သက်ဝင်ယုံကြည်ရာ ဘာသာနဲ့ အယူဝါဒအပေါ် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာ တင်ပြခွင့်ကို ပြဋ္ဌာန်းပြီးဖြစ်ရာ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေရန် ပြန်ကြားရေးဝန်ကြီးဌာနက စာပေစိစစ်မှုနဲ့ မှတ်ပုံတင်မှုများကို စာပေစိစစ်ရေးမူဝါဒပြောင်းလဲ ကျင့်သုံးလာခဲ့သော်လည်း ဗုဒ္ဓ၊ ဓမ္မများသည် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများနဲ့ ပြည့်စုံကျယ်ဝန်းနေ၍ ဖြစ်ရာ စာမူစိစစ်ခြင်းဖြင့် စိစစ်မှုမရှိခဲ့ပါလျှင် အဓမ္မဝါဒများ ရဲတင်းစွာ ခေါင်းထောင်လာပြီး ပိုမိုရှုပ်ထွေးခဲ့ရာ အခြေအနေ ဖြစ်လာဖွယ်ရှိပါသည်။

ထို့အပြင် တစ်ဘာသာနှင့် တစ်ဘာသာ အယူအဆများ ရောနှောဖော်ပြခြင်း၊ မိမိဘာသာအပေါ် သဒ္ဓါလွန်ကဲပြီး အခြားဘာသာအပေါ် ဝေဖန်မျိုးဖြစ်ခြင်း၊ သံသယပွားစေမျိုး မဖြစ်စေရေး၊ စာပေရေးသားပြုစုရာ၌ စာနယ်ဇင်းကျင့်ဝတ်များ၊ ကျင့်ဝတ်အနေနဲ့လည်း ထိန်းသိမ်းဖို့ရန် လိုအပ်တဲ့အချက် ဖြစ်ပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံတော်၏ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာ၌ နုနယ်သေးသည့်ကာလ လက်ရှိဖြစ်ပေါ်နေသော ဘာသာရေးအကြောင်း မကောင်းသည့် ဖြစ်ပျက်မှုများအရ ပဋိပက္ခများ ကင်းငြိမ်းစေရေး အစီအစဉ်နဲ့ ဗုဒ္ဓဘာသာနဲ့ အခြားဘာသာများ စာပေ ဟောပြောချက်၊ တိတ်ခွေ၊ ဗွီဒီယို၊ စီဒီများကို ကြိုတင်စိစစ်ပြီးမှ ပုံနှိပ်ထုတ်ဝေဖြန့်ချိခွင့်ပြုရေး၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေး၊ မိတ်မပျက်စေရေး ရှေးရှုလျက် ဥပဒေကြမ်းတွင် အထက်ဖော်ပြပါ တင်ပြချက်အား ထည့်သွင်း ဖြည့်စွက်ပေးပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၁။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ၍ အေးချမ်းကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ဒီ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်မတို့ စောစောကတည်းကပဲ အသံတွေ တော်တော်လေး ကြားခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့ကတော့ ဥပဒေပြုအာဏာကို ကိုင်စွဲပြီးတော့ နိုင်ငံတော်အကျိုးကို သယ်ပိုးနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ရဲ့ဆန္ဒ၊ ပြည်သူ့ရဲ့ လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်လို့ အဆို ရှိတာအတိုင်း ကျွန်မတို့က တာဝန်ကျေစွာနဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့လည်း ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သလို လွတ်လပ်ရေးရတယ် ဆိုပြီးတော့ လမ်းပေါ်ကို ဆေးရိုး ထွက်ပြီးတော့ လှမ်းရင် ဘာဖြစ်သွားမလဲဆိုတဲ့ စကားလည်း ကျွန်မတို့ အတိတ်မှာ ရှိခဲ့ဖူးသော်လည်း အခုထိ ဒါ လိုက်နာရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လိုချင်တဲ့သူကလည်း လိုချင်တာကို တောင်းဆိုတယ်၊ ဒီဘက်က ဆောင်ရွက်ပေးတဲ့ လူတွေကလည်း အခြေအနေ အကြောင်းကြောင်းအရ လိုအပ်တာတွေကို သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မကတော့ ကျွန်မတို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဒါ စိစစ်တင်ပြတဲ့ အစီရင်ခံစာအပေါ်မှာ အင်မတန်ကို ဝမ်းမြောက်ကြောင်း ကျွန်မ ဂုဏ်ယူကြောင်းပြောချင်ပါတယ်။

ဘာလို့လဲဆိုတော့ ဒီ ကျွန်မတို့ မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းကနေပြီးတော့ ထွက်ထားတဲ့ ထုတ်ဝေစာနဲ့ သဘောထားကြေညာချက်နဲ့ ကျွန်မတို့ ကျန်တဲ့ မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီယာယီရဲ့ အကြံပြုချက်ပေးပို့ထားတာတွေနဲ့ ပတ်သက်လို့ အဲဒီဟာတွေနဲ့ တော်တော်လေး တိုက်တိုက်ဆိုင်ဆိုင်ပဲ မလိုအပ်တဲ့ဟာတွေကို ပယ်ဖျက်ထားတာ တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ကျွန်မ အထူးတလည် ဒီဟာနဲ့ ပတ်သက်ပြီးတော့ အထူးတင်ပြပြီးတော့ နောက်ထပ် ပြောဆိုစရာ မရှိပါဘူး။ သို့သော်ငြားလည်းပဲ ကျွန်မတို့ကို ပေးထားပြီးတဲ့ ဆွစ်ဇာလန်နိုင်ငံရဲ့ လွတ်လပ်ခွင့်တွေ၊ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်တွေ၊ နောက်ပြီးတော့ အသင်းအဖွဲ့ ဖွဲ့စည်းတဲ့ လွတ်လပ်ခွင့်တွေကို ကြည့်တဲ့အခါမှာ သူတို့လည်း ဒီနိုင်ငံတော်က ချမှတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းနဲ့ ဒီ ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းအပြင် ဥရောပသမဂ္ဂရဲ့ သူတို့ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ဟာ အဲဒီ(၃)ခုကို သူတို့က (၃)ခုစလုံးအမြဲတမ်းအားလုံးမှာ (၃)ခု၊ (၃)ခုကို ရည်ရွယ်ပြီးတော့မှ အဲဒီအထဲက ပြဋ္ဌာန်းချက်တွေနဲ့အညီ သူတို့က ဆောင်ရွက်ကြတာကို ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ ကျန်တာလည်း ကျွန်မတို့ (၂)နိုင်ငံ၊ (၃)နိုင်ငံလောက်တော့ လေ့လာထားတာ ရှိပါတယ်။ သို့သော်လည်း အခု ဒီမှာ ကျွန်မတို့အမျိုးသားလွှတ်တော်ရဲ့ စိစစ်ဆောင်ရွက်ထားတာတွေဟာ တော်တော်လေးလည်း အတိုင်းအတာတစ်ခုအထိ ပြည်သူ့အသံကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်ထားတယ်လို့ ကျွန်မကတော့ ဒီလိုပဲ သုံးသပ်မိပါတယ်။ အဲဒီတော့ နောက်ထပ် ကျွန်မနောက်မှာလည်း ဆွေးနွေးမယ့်

သူတွေက ရှိပါသေးတယ်။ အဲဒီတော့ ကျွန်မတို့ အချိန်အခါ အခြေအနေနဲ့ အကြောင်း ကြောင်းအရ ကျွန်မကတော့ ဒီ အစောကပြောသလိုပဲ ကျွန်မတို့ ပြည်သူရဲ့ အလိုဆန္ဒတွေ၊ ပြည်သူရဲ့ လိုအပ်ချက်တွေကို ကျွန်မတို့ လွှတ်တော်ကနေပြီးတော့ တတ်နိုင်သလောက် လိုက်လျောပြီးတော့ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်တဲ့အတွက် မူဝါဒတွေ၊ သဘောထားတွေ၊ ဥပဒေတွေထွက်ဖို့ ဆောင်ရွက်ပေးရမှာ ဖြစ်တဲ့အတွက် ကျွန်မတို့ ဒီလောက် လောက်ကိုပဲ ပြောပေး တယ်ဆိုလို့ရှိရင်၊ ဒီလောက် လောက်ဆောင်ရွက်ပေးပြီးပြီဆိုရင် ကျွန်မတို့တော်တော်လေး တာဝန်ကျေတယ်လို့ ကျွန်မကတော့ အဲဒီလိုထင်ပါတယ်။ အဲဒီတော့ အခု ပြည်သူ့ရဲ့ အသံကိုလည်း အလေးအနက် ထားပြီးတော့ ဒါကိုထည့်သွင်းပြီးတော့ ပြည်သူတို့ရဲ့ ဆန္ဒတွေကိုလည်း ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးသင့်ပါတယ်။ အဲဒီအထဲမှာ သူတို့ ပြောထားတဲ့ဟာ တစ်ခုတည်းက တစ်ခုကို နည်းနည်းလေး ကျွန်မလည်း မေတ္တာရပ်ခံချင်ပါတယ်။ အဲဒါကတော့ သိပ်ပြီးတော့ တအားကြီး ပြောင်းလဲသွားမှာ မဟုတ်သော်ငြားလည်းပဲ သူတို့က မူပိုင်ခွင့်နဲ့ မော်ကွန်းဌာနဆိုတာလေးရယ်၊ နောက်တစ်ခါ မူပိုင်ခွင့်နဲ့မော်ကွန်းအရာရှိဆိုတာလေးကို သူတို့က ထည့်ချင်တဲ့ သဘောတရား ရှိပါတယ်။ နောက် ကျန်တာလေးတွေလည်း သူတို့တချို့နေရာတွေမှာ အဲဒီဟာလေးကို ထည့်ပေးဖို့ ဆိုပြီးတော့ အခန်း(၇) ပုဒ်မ ၂၀ ပါ စသည်ဖြင့် သူတို့ ပုဒ်မလေးတွေနဲ့ တောင်းဆိုထားတာလေးတွေ ရှိပါတယ်။ အဲဒါတွေကိုတော့ ကျွန်မလည်း သူတို့ရဲ့ ဆန္ဒအတိုင်း ပြောင်းလဲပြီးတော့၊ အဲဒီလို ဖြည့်စွက်ပြီးတော့ ပြောင်းလဲပြီးတော့ ပေါ့နော်၊ ဖြည့်စွက်ပြီးမဟုတ်ဘူး၊ ပြောင်းလဲပြီးတော့ အဲဒီလိုထည့်ပေးစေလိုပါတယ်။ ကျန်တာလေးတွေတော့ သူတို့တင်ပြထားတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော်ကနေပြီးတော့ ပယ်ဖျက်ပြီး ဖြစ်တဲ့အတွက် အဲဒါကို ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီ ဆောင်ရွက်ထားချက်ကို အလေးအနက်ထောက်ခံတယ်လို့ ကျွန်မကပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါဝရပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ ပုဒ်မ ၅ နဲ့ ပုဒ်မ ၂၀ ကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ အာဏာ(၃)ရပ်ကိုဆောင်ကြဉ်းပြီး၊ လူထုနဲ့တိုက်ရိုက်ဆက်နွယ်တဲ့ စတုတ္ထမဏ္ဍိုင်တစ်ခု ဖြစ်တယ်ဆိုတဲ့ ရှုထောင့်ကနေပြီး အထူးဂရုစိုက် ရေးဆွဲရမယ့် ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေတစ်ခုလုံးမှာ ပုဒ်မ(၃၂)ခု ရှိရာမှာ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းနိုင်တဲ့ပုဒ်မက (၁)ခုတည်းသာ ရှိပါတယ်။ စာမျက်နှာ(၄)မှာပါတဲ့ ပုဒ်မ ၅ ဖြစ်ပါတယ်။ ပုဒ်မ ၅ ဆိုတာ မီဒီယာအတွက် ကြောက်စရာကောင်းတဲ့ ပုဒ်မတစ်ခု ဖြစ်နေပါတယ်။ ပုဒ်မ ၅ မှာ အပိုဒ် (၂)ပိုဒ်ပါ ပါတယ်။ ပထမပိုဒ်ကို ကျွန်တော်ပြောပြပါ့မယ်။

ယင်းလက်မှတ်ကို ရရှိလျှင် မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်းသော်လည်းကောင်း အဲဒါ ပထမပိုဒ်ပါ။ ဒုတိယပိုဒ်က ဤ ဥပဒေပြဋ္ဌာန်းခြင်းများကို ဆန့်ကျင်ဆောင်ရွက်ကြောင့်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် စစ်ဆေး တွေ့ရှိပါက ရုပ်သိမ်းနိုင်တယ်ဆိုတဲ့ အပိုဒ်ပါ။ အဲဒီ ဒုတိယပိုဒ်ကို အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပယ်ဖြုတ်ထားတာတွေ့ရပါတယ်။ ကျွန်တော်လည်း ထောက်ခံပါတယ်။ ဒါပေမဲ့ ပထမပိုဒ်ကျန်နေသေးပါတယ်။ ပထမပိုဒ်ကိုလည်း ကျွန်တော်ဖြုတ်ချင်ပါတယ်။ ဘာလို့လည်းဆိုရင် ဒီ အပိုဒ်က မရိုးဖြောင့်တဲ့သဘောဖြင့် ဖြစ်စေ၊ လိမ်လည်လှည့်စားရန်အကြံဖြင့် ဖြစ်စေ လျှောက်ထား ခဲ့ကြောင်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ခွင့်ပြုလက်မှတ်ကို ရုပ်သိမ်းနိုင်သည်ဟု ဆိုထားတဲ့ အတွက် ဒီအပိုဒ်ဟာ နောက်ကြောင်းပြန်လည့် စိစစ်တဲ့ သဘောဖြစ်နေပါတယ်။ ဒါဟာ သဘာဝ မကျဘူးလို့ ထင်ပါတယ်။ နဂို လျှောက်ထားကတည်းက စေ့စေ့စပ်စပ် စိစစ်ခဲ့ရမှာဖြစ်ပြီး သေချာမှ လက်မှတ်ကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။

ကျွန်တော်စောစောက တင်ပြခဲ့သလို ဒါဟာ စတုတ္ထမဏ္ဍိုင်နဲ့ ပတ်သက်နေတာကြောင့် အမြင်ကတ်ပုဒ်မသဘော ဆန်နေလို့ မရနိုင်ပါဘူး။ အဲဒါကြောင့် ဒီအပိုဒ်ကို ဖြုတ်သင့်ပါတယ်။ ဒီအပိုဒ်ကို ဖြုတ်လိုက်မယ်ဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနမှာလည်း ကြီးကြပ်စရာ လက်နက်မရှိသလို ဖြစ်သွားနိုင်ပါတယ်။ ဒါဟာ ပုဒ်မ ၅ တစ်ခုလုံး ပြုတ်သွားတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ ဖူးပွင့်စ ကျွန်တော်တို့မြန်မာနိုင်ငံမှာ မီဒီယာ အတားအဆီးလေး နည်းနည်းလို သေးတဲ့အတွက် ကျွန်တော့် အနေဖြင့် ဒီ ပုဒ်မ ၅ အရ လုပ်ပိုင်ခွင့် ရုပ်သိမ်းခြင်းအစား၊ ဒဏ်ငွေများများ ရိုက်တဲ့စနစ်ကိုပဲ သုံးစေ ချင်ပါတယ်။ မီဒီယာဖွံ့ဖြိုးပြီးနိုင်ငံတွေမှာလည်း မီဒီယာနဲ့ ပတ်သက်ရင် မိမိသဘောနဲ့ မှတ်ပုံတင် တာလည်းရှိတယ်။ အဲဒါကို ပြန်ရုပ်သိမ်းလို့ မရနိုင်တော့ပါဘူး။ မီဒီယာကို တရားစွဲဆိုတာတွေ ရှိပါတယ်။ ဒါပေမဲ့ အယ်ဒီတာတို့၊ အယ်ဒီတာချုပ်တို့ အဲဒီရေးတဲ့ သူတွေကိုပဲ စွဲတာဖြစ်ပါတယ်။ အစိုးရက စွဲတာတွေလည်း ရှိပါတယ်။ အဲဒီ တရားစွဲတဲ့ ဒဏ်ကို မခံနိုင်ဘူး၊ နောက် လျော်ကြေးများများ ရိုက်တဲ့ ဒဏ်ကိုမခံနိုင်ဘဲ ဈေးကွက်ထဲက ရှုံးနိမ့်ပြီး ထွက်သွားရတာလည်း ရှိပါတယ်။ ဒီ လိုင်စင်ကို ရုပ်သိမ်းတာ၊ မှတ်ပုံတင်ကို ရုပ်သိမ်းတာမျိုး မရှိပါဘူး။

အဲဒါကြောင့် ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ စာမျက်နှာ(၄)ပါ ပုဒ်မ ၅ ကို ဒီလို ပြန်ရေးချင်ပါတယ်။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရရှိ သူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်းအား ဒဏ်ငွေသိန်း(၂၀) ချမှတ်နိုင်သည်ဆိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ပုဒ်မ ၂၀ ကို ဆက်လက် ဆွေးနွေးလိုပါတယ်။ အဲဒါဟာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ၊ စာမျက်နှာ(၅)၊ အပိုဒ်(၈)မှာ ပါ ပါတယ်။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း ခံရစဉ်အတွင်း ထုတ်ဝေစာ တစ်ခုခုကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ ဆိုပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ မည်သူမျှ ဆိုတာဟာ လူကို အပြစ်ပေးထားတာ ဖြစ်ပါတယ်။ မည်သူမျှဆိုတဲ့ စကားဟာ ဒီ ဥပဒေ ပုဒ်မကို ဖော်ပြရာမှာ မရှင်းလင်းဘဲ အငြင်းပွားနိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။ မည်သူမျှဆိုတဲ့

စကားကို ဖြုတ်ချင်ပါတယ်။ ဥပဒေကို ဖောက်ဖျက်တဲ့ စာစောင်တစ်ခုတည်းကိုသာ အဓိက အရေးယူ သင့်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေ့ခေတ်အပိုင်းမှာ ထုတ်ဝေသူတစ်ဦးဟာ မီဒီယာစာစောင် (၃)ခု၊ (၄)ခု၊ (၅)ခုကို တစ်ပြိုင်တည်း ထုတ်ဝေနေတာတွေ ရှိပါတယ်။ နိုင်ငံခြားမှာလည်း အဲဒီလို ထုတ်ဝေတာ မျိုးတွေ ရှိပါတယ်။ ဒီအထဲက ဥပဒေနဲ့ငြိတဲ့ စာစောင်ရဲ့ ထုတ်ဝေခွင့် လက်မှတ်တစ်ခုကိုသာ ရုပ်သိမ်း သင့်ပါတယ်။ မည်သူမျှ မထုတ်ဝေရဆိုရင် အဲဒီ မီဒီယာသူဌေးရဲ့ အခြားစာစောင် ထုတ်ဝေခွင့်တွေကိုပါ ထိခိုက်ပြီး အငြင်းပွားလာနိုင်တာကြောင့် အဲဒီပုဒ်မမှာပါတဲ့ မည်သူမျှ ဆိုတာကို ဖြုတ်သင့်ပါတယ်။ မဖြုတ်ပေးထားရင် အဲဒီ မီဒီယာသူဌေးရဲ့ စာစောင်တွေအားလုံး ရပ်ဆိုင်းသွားနိုင်တာကြောင့် ဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၂။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ အားလုံးကို လေးစားပါကြောင်း ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က လေးစားစွာ နှုတ်ခွန်းဆက် အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက စိစစ်သုံးသပ်တင်ပြခဲ့တဲ့ ၁၉-၈-၂၀၁၃ အစီရင်ခံစာအပေါ်မှာ ဝေဖန်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးရာမှာလည်း ကုလသမဂ္ဂဥရောပ၏ ကြေညာချက် Convention ပဋိညာဉ်များကို ကိုးကားခွင့်နဲ့ လိုအပ်တဲ့ နေရာမှာ အင်္ဂလိပ်စကားလုံး သုံးနှုန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ဒါကို သုံးသပ်တဲ့နေရာမှာ ပုံနှိပ်ထုတ်ဝေသူများဘက်က ကြည့်ပြီးတော့ ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ Slide - 1 ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအချက်ကတော့ အခန်း(၁)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဍ) ကို ပြည်သူ့ လွှတ်တော်က ဖွင့်ဆိုချက်ပြုထားပါတယ်။ အဲဒီဖွင့်ဆိုချက်ကို ကျွန်တော်တို့ မှတ်ပုံတင်အရာရှိ ဆိုသည် မှာ ဆိုတဲ့ အချက်ကို ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဒါ ဝန်ကြီးဌာန ကသာ စနစ်တကျတာဝန်ယူရန် ဖြစ်တဲ့အတွက်ကြောင့် ယခင် စနစ်ဟောင်းအတိုင်း ပြန်လည်ထူထောင်ထားရှိရန် မလိုပါလို့ ဒါ သုံးသပ် ထားပါတယ်။ အဲဒီ သုံးသပ်ချက်ကို ကျွန်တော် ပြန်ရှင်းပါ့မယ်။ ဒီ ကျွန်တော်တို့ စနစ်ဟောင်းဆိုတာ ကတော့ Slide - 2 မှာ ဖော်ပြထားတဲ့ ဥပဒေ ဖြစ်ပါတယ်။ Slide - 2 က ၁၉၆၂ ခုနှစ်က တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၂)နဲ့ ပြဋ္ဌာန်းထားခဲ့တဲ့ ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နောင်အခါမှာ ဒါကို တော်လှန်ရေးကောင်စီ ကနေပြီးတော့ ၇၁ ခုနှစ်၊ ဥပဒေပုဒ်မ ၁ အဖြစ် ပြန်လည်ပြောင်းရွှေ့လာတယ်။ ဒါကို ဆိုလိုတာ ဖြစ်ပါတယ်။ Slide - 2 ဖြစ်ပါတယ်။ ဟုတ်ကဲ့ အဲဒါကို ဆိုလိုတာ ဖြစ်ပါလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီမှာတော့ မှန်ပါတယ်။ မှတ်ပုံတင်နဲ့ ပတ်သက်လို့ ရေးခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေ ထုတ်ခဲ့တဲ့ကာလကို ပြန်ကြည့်ရင် တော်လှန်ရေး ကောင်စီကာလက တာဝန်ယူစဉ် ဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ ဒီမိုကရေစီ အခွင့်အရေး အပါအဝင်၊ စာပေလွတ်လပ်ခွင့် အပါအဝင် အားလုံးကို ချုပ်ချယ် ကန့်သတ်ထားရတဲ့ အခြေအနေ

ဖြစ်တဲ့အတွက်ကြောင့် ဒီမှာကန့်သတ်ချက်တွေ ပါတယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ Slide - 3 မှာဆိုရင် ဝန်ခံချက်ဆိုရင် ဘယ်လောက်ထိအောင် တင်းကြပ် သလဲဆိုတော့ ပထမတန်းရာဇဝတ် တရားသူကြီးတစ်ယောက် ရှေ့မှောက်မှာသွားပြီး ဝန်ခံရတာတွေ တွေ့ပါတယ်။ ဒါတွေကတော့ မလိုလားအပ်တာ အမှန်ပါ။

နောက်တစ်ခါ ကျွန်တော်တို့ Slide - 4 မှာပါတဲ့ ဗဟိုမှတ်ပုံတင်အဖွဲ့၊ မှတ်ပုံတင် အရာရှိများဆိုတာ ဒါတွေ ပါ ပါတယ်။ ဒါတွေနဲ့ ဆက်စပ်ပြီး တွေးတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ Slide - 4 မှာပါတဲ့ ဗဟိုမှတ်ပုံတင်အရာရှိတို့၊ ဘာတို့ဆိုတာ အာဏာအင်မတန် ပြင်းထန်ပါတယ်။ သူတို့ ပေးထားတဲ့ လုပ်ပိုင်ခွင့်တွေ တော်တော်ပြင်းထန်ပါတယ်။ အဲဒါတွေနဲ့ ဆက်စပ်ပြီး တွေးတယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ အဲဒီတုန်းကတော့ မီဒီယာကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးတဲ့ ခေတ်မဟုတ်ဘဲနဲ့ ထုတ်လုပ်မှုမလုပ်နိုင်အောင် ကန့်သတ်ထားတဲ့ ခေတ်ဖြစ်တဲ့အတွက်ကြောင့် ဒီခေတ်နဲ့တော့ ဒါမညီတော့တာ ဖြစ်ပါတယ်။ အခုဥပဒေကြမ်းကတော့ ပြန်ကြားရေးဝန်ကြီးဌာနက ကျင့်သုံးမှာ ဖြစ်ပါတယ်။ ဟိုတုန်းက ဒါကို ပြည်ထဲရေးဝန်ကြီးဌာနမှာ အပ်ထားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ဆိုတာ စီမံခန့်ခွဲရေးလုပ်တဲ့ဌာန၊ အရေးယူတဲ့ ဌာနဖြစ်တဲ့အတွက်ကြောင့် သူရဲ့ လုပ်ပိုင်ခွင့်တွေက ပြင်းထန်ပါတယ်။ အခုကတော့ ပြန်ကြားရေးဝန်ကြီးဌာနက မှတ်ပုံတင်မှာ ဖြစ်ပါတယ်။ အဲဒီစနစ်ဟာ ဗဟိုမှတ်ပုံတင်အရာရှိကို ပေးထားတဲ့ မှတ်ပုံတင်အရာရှိများကို ပေးထားတဲ့ လုပ်ပိုင်ခွင့်အာဏာနဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး။ ကျွန်တော်တို့ Slide - 5 မှာ ကြည့်မယ်ဆိုရင် သူ့ကို ဘယ်လိုတောင်ခေါ်သလဲဆိုတော့ အာဏာပိုင်တစ်ဦးဦး လို့တောင် ခေါ်ပါတယ်။ အာဏာပိုင် တစ်ဦးဦးက ထုတ်ဆင့်တဲ့အမိန့်ကို ဆန့်ကျင်ရင် ထောင်ဒဏ်(၁)နှစ်ကနေ (၇)နှစ်ဆိုတာ ဓားပြမှုထက်များပါတယ်။ ဒါကတော့ ပြင်းထန်လွန်းအားကြီးပါတယ်။ အခု ပေးထားတဲ့ မှတ်ပုံတင်အရာရှိ ဆိုတဲ့ အဆင့်ဟာ ထုတ်ဝေပုံနှိပ်လိုသူက လာရောက် တင်ပြတဲ့ လျှောက်လွှာတွေကို လက်ခံ၊ စိစစ်၊ အုပ်စုခွဲ၊ မှတ်ပုံတင်၊ စာရင်းသွင်း၊ လုပ်ပိုင်ခွင့်ရှိတဲ့ အထက်ကို တင်ပြပြီးတော့ ကျလာတဲ့ အတည်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်ကို ပြန်လည် ထုတ်ပေးတဲ့ တာဝန်လောက်ပဲ ယူရမှာဖြစ်တဲ့အတွက်ကြောင့် သူသည် ဘာမှ တာဝန် ကြီးကြီးကျယ်ကျယ် မရှိဘူး။ လုပ်ပိုင်ခွင့် ဘာမှမရှိပါဘူး။ အခန်း(၆)၊ အခန်း(၇)မှာ ကြည့်ရင်လည်း ပြစ်မှု၊ ပြစ်ဒဏ်မှာ မှတ်ပုံတင်တဲ့ ပတ်သက်လို့ ပြဋ္ဌာန်းချက်လည်း တစ်စုံတစ်ရာမရှိတာ တွေ့ရပါလိမ့်မယ်။ အသိအမှတ်ပြု လက်မှတ်ကို ထုတ်ပေးခွင့်ရှိတဲ့ ဝန်ကြီးဌာန မှာတောင်မှ ပုဒ်မ ၆ အရ လျှောက်ထားသူကို သတ်မှတ် ကာလအတွက် မှတ်ပုံတင်၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည် လို့ပဲ ပါ ပါတယ်။ ငြင်းပယ် ခွင့်တောင် မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒါဟာ ဘာမှ စိုးရိမ်စရာမရှိဘူးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် ၁၉၆၂ ခုနှစ်၊ ဥပဒေနဲ့ ဆက်စပ်ပြီးတော့ ပူပန်တွေးတောနေတဲ့ မှတ်ပုံတင်အရာရှိမျိုး မဟုတ်ဘူးဆိုတာတော့ ကျွန်တော် ရှင်းလင်းအောင် တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်ထားသလို ဝန်ကြီးဌာနကသာ စနစ်တကျ တာဝန်ယူဆောင်ရွက်ရန်လို့ဆိုရင် ဝန်ကြီးဌာနက ဘယ်သူယူမလဲ၊ သေချာတာကတော့ ဝန်ကြီးမယူနိုင်ပါဘူး။ ဒုဝန်ကြီးလည်း မယူနိုင်ပါဘူး။ ညွှန်ချုပ်ရုံးအဖွဲ့မှူးလည်း မယူနိုင်ပါဘူး။ ဒါကြောင့် ညွှန်ကြားရေးမှူးအဆင့်လောက်က တာဝန်ယူ ဦးစီးတဲ့ ဌာနခွဲတစ်ခုကို Focal Person နဲ့ Focal Agency အနေနဲ့ သတ်မှတ်ပေးဖို့လိုပါကြောင်း ကျွန်တော် တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က မှတ်ပုံတင်

ဌာန ရှိနေရမှာ ဖြစ်ပါတယ်။ ဒါကိုကျွန်တော်ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါ အမည်ကွဲလွဲမှု အပေါ်မှာ စိုးရိမ်ရန်မရှိဘဲနှင့် အနှစ်သာရနဲ့ တာဝန်ပိုင်းကိုသာ ကြည့်ပါလို့ ကျွန်တော် ပန်ကြားလိုပါတယ်။ အဲဒါကို လက်ခံတယ်ဆိုရင် ပယ်ဖျက်ရန် သုံးသပ်ထားတဲ့ ပုဒ်မ ၂၅ အရ ဆက်လက် တည်ရှိနေရမှာ ဖြစ်ပါတယ်။ ၂(ဍ)နဲ့အတူ ၂၅၊ ၂၅ က ဘာလဲဆိုရင် ဝန်ကြီးဌာနက မှတ်ပုံတင်အရာရှိ ခန့်ရမယ်။ ဌာနခွဲဖွင့်ရမယ်။ ဝန်ထမ်းခန့်ရမယ်။ လုပ်ငန်းတာဝန် သတ်မှတ်ပေးရမယ်ဆိုတာ ရှိနေရမှာ ဖြစ်ပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ Slide ၆ ဖြစ်ပါတယ်။ (၆)ကတော့ ပုဒ်မ ၆၊ အခန်း(၃) ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်လိုသူက မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များဖြင့် ပြည့်စုံစွာ ဝန်ကြီးဌာနကို လျှောက်ထားရမယ်။ ဝန်ကြီးဌာနက ဘယ်သူကို လျှောက်မှာလဲ။ ကျွန်တော်စောစောကပြောသလိုပဲ Focal Agency, Focal Person မရှိရင် စာပေးစာယူ သွားတင်ရင်လည်း စာရေးကြီးဆီ သွားပါ။ ဦးစီးဆီ သွားပါနဲ့ ဟိုပုတ်၊ ဒီပုတ်နဲ့ ဒီစာဟာ လည်နေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သတ်မှတ်ထားတဲ့ ဌာနခွဲလေးတစ်ခု ရှိဖို့လိုတဲ့အတွက်ကြောင့် ပုဒ်မ ၆ ဟာ ဝန်ကြီးဌာနဆိုတဲ့ စကားနောက်မှာ ကျွန်တော်တို့က မှတ်ပုံတင်ဌာနခွဲ ဆိုတဲ့ စကားရပ်များကို ဖြည့်ဖို့လိုပါကြောင်း အကြံပြုလိုပါတယ်။

နောက်တစ်ခုက Slide ၇ ဖြစ်ပါတယ်။ Slide ၇ မှာလည်း အဲဒီလိုပါပဲ၊ ဝန်ကြီးဌာနသည် ထုတ်ပေးရမည်ဆိုတာ၊ ဝန်ကြီးဌာနက ဘယ်သူထုတ်ပေးမှာလဲ။ ဝန်ကြီးဌာနရဲ့ မှတ်ပုံတင်ဌာနခွဲစသည်ဖြင့် ဒီကနေထုတ်ပေးဖို့ လိုပါကြောင်း ကျွန်တော်ဆက်စပ်ပြီး တင်ပြပါတယ်။ ဒါတွေ အားလုံးဟာ ၂(ဍ)နဲ့ ဆက်စပ်နေတဲ့ အတွက်ကြောင့် ၆ နဲ့ ၇ ကို ဒီလိုလေး ဖြည့်စွက်ဖို့ လိုပါတယ်။ နောက် Slide ၈ ဖြစ်ပါတယ်။ တတိယအချက်ကတော့ ပုဒ်မ ၁၀(ဃ)၊ အခန်း(၄)က အဲဒီမှာ ပြည်သူ့လွှတ်တော်က ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆိုင်ရာပြစ်မှုများကို ကျူးလွန်ခြင်းကို အားပေးခြင်း၊ လှုံ့ဆော်ခြင်းလို့ အတိအကျရေးထားပါတယ်။ ကျွန်တော်တို့ဘက်ကတော့ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်သော ခြုံငုံပြီး ပြင်ထားပါတယ်။ အဲဒါ ကျွန်တော်တို့ အန္တရာယ်ကြီးပါတယ်။ ပြစ်မှုမြောက်တဲ့ ပုဒ်မများ၊ ပြစ်မှုများကို သီးခြား ဖော်ပြတာက ပိုပြီး ခိုင်လုံပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ တည်ဆဲဥပဒေဆို၊ တည်ဆဲဥပဒေက (၄၀၀) ကျော်ရှိပါတယ်။ တစ်ခုခုနဲ့ ဆွဲစိလို့ရတယ်ဆိုတဲ့၊ အရပ်ထဲသုံးတဲ့ စကားကို သုံးတာခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွဲစပ် ဆက်စပ်ပြီးတော့ အရေးယူလို့ရပါတယ်။ ဒါ ကျွန်တော်တို့ ကုလသမဂ္ဂရဲ့ Slide 9 မှာပါတဲ့ လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း (Declaration of Human Rights) မှာလည်း ကန့်သတ် ချက်တွေ ရှိပါတယ်။ ပေးထားရပါတယ်။ Morality, Public Order and the General Welfare ဆိုတာတွေ၊ နောက် Article - ၂၀, International Convenant on Civil and Political Rights မှာလည်း ဒါတွေ ပါ ပါတယ်။

နောက်တစ်ခါ Slide - ၁၀ အဲဒီမှာလည်း ဥရောပသမဂ္ဂရဲ့ Convention of Human Rights မှာလည်း ဒီလိုကန့်သတ်ချက်တွေ ရှိပါတယ်။ အဲဒီလို ကန့်သတ်ထားတာဟာ တိကျတာ မှန်ပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ခြုံငုံပြီးတော့ တည်ဆဲဥပဒေများနဲ့ ဆန့်ကျင်သောလို့ ပြောလိုက်ရင် ကျွန်တော်ပြီးခဲ့တဲ့ တစ်ချိန်တုန်းက ဆွေးနွေးခဲ့တဲ့ ဆေးလိပ်၊ ဆေးရွက်ကြီး ဥပဒေမျိုးနဲ့ ကျူးလွန်တဲ့

ဟာကို အားပေးအားမြှောက် သဘောကလေး ရေးမိရင်တောင်မှ ဒီ ပုဒ်မနဲ့ သွားငြိနေသလို ဖြစ်ပါတယ်။ အဲဒါကြောင့် ၁၀(ဃ)မှာ တိတိကျကျ ဘယ်ဟာကို ကန့်သတ်ချင်တာလဲ ဆိုတာ ပါအောင် စောစောတုန်းကအတိုင်းပဲ ဖြစ်မှုများကို ဖော်ပြသင့်တယ်လို့ ကျွန်တော်ဘက်ကတော့ မြင်ပါတယ်။ ဒါမှ နိုင်ငံတကာစံနဲ့ မီမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ Bill ကော်မတီကနေပြီးတော့ ပုဒ်မခွဲ(င)ကို ဖြည့်စွက်ထားပါတယ်။ အဲဒါ ဘာလဲဆိုတော့ နိုင်ငံအချင်းချင်း အပြန်အလှန် နားလည်မှုနဲ့ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊ အဲဒီလို ယေဘုယျဆန်ဆန် လေးများ သုံးသပ်လိုက်မယ်ဆိုရင် ဒါကျွန်တော်တို့ Slide - 8 မှာ ပါ ပါတယ်။ ကျွန်တော်တို့ အဲဒါဆိုရင် ဘာဖြစ်သွားမလဲ ဆိုတဲ့ အခါကျတော့ Slide - 8 မှာ ပါ ပါတယ်။ အဲဒါ ဆိုလို့ရှိရင် မြစ်ဆုံစီမံကိန်း ဆိုပါတော့၊ လက်ပံတောင်းတောင်စီမံကိန်း ဆိုပါတော့ ဒါ ကျွန်တော်တို့ရဲ့ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေတဲ့ အိမ်နားနီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ဆိုင်ပါတယ်။ ဒါ နိုင်ငံချင်း ချစ်ကြည်ရင်းနှီးစွာနဲ့ ဆက်ဆံတာပါ၊ ဒါပေမဲ့ ဒါဟာ ပြည်သူတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက်နဲ့ ဖြစ်တဲ့ကိစ္စကို ပြည်သူ့မီဒီယာဟာ ပြည်သူ့ရဲ့ လိုအင်ဆန္ဒအရ၊ ဒါတွေကို တင်ပြရတာတွေ၊ ဝေဖန်တာ၊ ဆွေးနွေးတာတွေ လုပ်နိုင်ပါတယ်။ အဲဒါကို သာမန်အားဖြင့် ချစ်ကြည် ရင်းနှီးမှုကို ထိခိုက်စေမည့် အကြောင်းအရာ၊ အကြောင်းအရာလို့ ရေးမယ့်အစား၊ ထိပါးပုတ်ခတ် ထိုးနှက်တဲ့ အကြောင်းအရာများ စသည်ဖြင့် ပျက်ပြားစေသော သဘောပါတဲ့စာများ ရေးတယ် ဆိုတဲ့ ဟာမျိုး တိတိကျကျ ကျွန်တော်က ရေးစေချင်ပါတယ်။ အဲဒီလိုမဟုတ်ရင်တော့ သတင်းပါတာနဲ့တောင် သူက အရေးယူခံရသလို ဖြစ်နေ ပါတယ်။ ဒါလေးတစ်ခုကို ဖျက်ချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခု ကျွန်တော် ပုဒ်မ ၂၈ မှာ ကျွန်တော်တို့ Slide-၁၁ ဖြစ်ပါတယ်။ (၁၁) ကတော့ ပုဒ်မ ၂၈ ကို ပယ်ဖျက်ဖို့ကို အကြံပြုထားပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့ ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းကို ရေဒီယို၊ ရုပ်/သံလွှင့်ခြင်းလုပ်ငန်းနဲ့ ပူးပေါင်းလုပ်ပိုင်ခွင့်ကို ဟိုဘက်က ပြဋ္ဌာန်းထားတယ်။ ကျွန်တော်တို့ဘက်က ဒါဟာ ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို တားဆီး ပိတ်ပင်ရန် မသင့်ကြောင်းဆိုတာ၊ ဒါကို ကျွန်တော် ဆန့်ကျင်မဆွေးနွေးပါဘူး။ သို့သော် ရှင်းလင်းချက် တော့ ပြုချင်ပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ အင်မတန် ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီကို ရာစုနှစ်(၂)ခုကျော် ကျင့်သုံးတဲ့ USA တောင်မှ ဒါမျိုးရှိပါ တယ်။ ကျွန်တော်တို့ Slide - ၁၂ မှာဖြင့် ဘာတွေ့ရသလဲဆိုတဲ့ အခါကျတော့ သူတို့မှာ Federal Communication Commission ဆိုတာ ရှိပါတယ်။ အဲဒီရဲ့ Ownership Role မှာ ၂၀၀၆ ခုနှစ် အထိ ဒီ Ban လုပ်ထားတာ ရှိပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ Monopoly လို့ ခေါ်တဲ့ ထုတ်ဝေခြင်းလုပ်ငန်းကိုရော၊ အသံလွှင့်ခြင်း လုပ်ငန်းကို (၂)ခုကိုင်ပြီးတော့ Monopoly လုပ်မှာကို စိုးရိမ်တဲ့အတွက်ကြောင့် ဒီလို Ban လုပ်ထားတာ ရှိပါတယ်။ ဒါပေမဲ့ သူတို့နိုင်ငံကတော့ ဒီ FCC ကော်မရှင်က (၄)နှစ်(၁)ကြိမ် ပြန်သုံးသပ်တဲ့အခါမှာ ၂၀၀၇ ခုနှစ်မှာ Slide - ၁၃ မှာ ပါတယ်။ Slide - ၁၃ ကျတော့ သူက အသာလေး လျှော့ပေး လိုက်တယ်။ လျှော့တာ တောင်မှ Modestly Relaxes ဆိုတဲ့ စကားကို သုံးပါတယ်။ မသိမသာလေး လျှော့တယ်။ Case by Case သုံးသပ်ပြီးတော့မှ ဒီဟာ ဟာ ပြည်သူများအတွက် အကျိုးရှိတယ်ဆိုရင် ခွင့်ပြုမယ်ဆိုတဲ့ သဘောလေးနဲ့ပဲ လုပ်ခဲ့တာ ရှိပါတယ်။ ကျွန်တော် ဒါကို မဆန့်ကျင်ပါဘူး။ ပြန်လည် သုံးသပ်နိုင်အောင် ရေးခြင်းသာ ဖြစ်ပါတယ်။ Rupert Murdoch တို့လို Media Mogul လို့ ခေါ်တဲ့

ပုဂ္ဂိုလ်ကြီးများ ပေါ်လာမှာ စိုးတဲ့အတွက်ကြောင့် လုပ်ငန်းငယ်လေးများကိုပဲ အကာအကွယ်ပေးတယ်လို့ပဲ ကျွန်တော် ဒါကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက အခန်း(၁)၊ ပုဒ်မ ၂(ဍ)နဲ့ ပုဒ်မ ၂၅ ကို ပယ်ဖျက်ရန် သုံးသပ်အကြံပြုခြင်းကို ကွဲပြားသောအမြင်နဲ့ ဆွေးနွေးခဲ့ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆ နဲ့ ပုဒ်မ ၇ ကို အထက်ပါ ၂(ဍ)နဲ့ ဆက်စပ်ပြီးတော့ ဖြည့်စွက်ချက်များ ထည့်ပေးသင့်ပါကြောင်း ဆွေးနွေးခဲ့ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၁၀(ဃ) နဲ့ (င)ကို ပြင်ဆင်ပယ်ဖျက်ပေးပါရန် အကြံပြုပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၈ ကို ပယ်ဖျက်ရန် သုံးသပ်အကြံပြုခြင်းကို ရှင်းလင်းချက်ဖြင့် ပြန်လည်စဥ်းစားနိုင်ရန် ဆွေးနွေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးပညာရှင်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ အကြောင်းအရာကတော့ ခုန ဦးခင်မောင်ရီ တင်ပြတဲ့ဟာ ကျွန်တော်(၃)ချက်ပဲ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ခုန ဦးခင်မောင်ရီ (၃)ချက်လုံး ဆွေးနွေးသွားပါတယ်။

ဒါကြောင့်မို့လို့ ၇(ဃ)ပေ့ါနော်၊ ခုန ၁၀(ဃ)ဆိုတဲ့နေရာမှာ မူလ ၇(ဃ)ပဲ ထားသင့်ပါတယ်။ ဘာလို့ဆိုတော့ တည်ဆဲဥပဒေနဲ့ ဆန့်ကျင်သော ပြစ်မှုကျူးလွန်ခြင်းဆိုတာ အင်မတန် ကျယ်ပြန့်ပါတယ်။ အဲဒီတော့ ဘာလေး ထစ်ခနဲရှိတာနဲ့ မီဒီယာသမားကို ဖမ်းမယ့်သဘောဖြစ်တယ်။ အဲဒါကြောင့် ခုနကလို့ အတိအကျ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု ဒါမျိုးသာ အတိအကျ ဖော်ပြသင့်တယ်။ နဂို ၇(ဃ)ဟာ ပိုသင့်လျော်တယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ ဒုတိယအချက် ၁၀(င)ပါ။ ခုန ဦးခင်မောင်ရီ လည်း ဆွေးနွေးသွားပါတယ်။ ဒီ ၁၀(င)ကလည်း ဒါ အဓိပ္ပာယ်က ကျယ်ပြန့်လွန်း နေတယ်။ ဒါကို မလိုအပ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ပြောစရာရှိတာ ပြောရမှာပဲ။ ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေကို နှိပ်ကွပ်တယ်ဆိုရင် ထိုင်းနိုင်ငံက ကုမ္ပဏီတွေအကြောင်းကို ကျွန်တော် ပြောသင့်ရင် ပြောရမှာပဲ ဖြစ်တယ်။ အဲဒါတွေကို မပြောရဘူးလား။ ဒီလိုဖြစ်သွားမယ်။ အဲဒါကို ပယ်ဖျက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ တတိယအချက်အနေနဲ့ ခုနက ၂၈ ပါပဲ။ ဦးခင်မောင်ရီ တင်ပြသလို၊ ကျွန်တော်တို့ Press ရော၊ Broadcasting ရော အကုန်လုံးကို တစ်ယောက်ထဲကို ပေးလိုက်ရင် ဥပမာ - Sky Net ကို၊ Sky Net ကိုပဲ တီဗွီလည်းလွှင့်မယ်၊ သတင်းစာလည်းထုတ်မယ်၊ ရေဒီယိုလည်းလွှင့်မယ် အကုန်လုံးကို ခွင့်ပြု လိုက်ရင် အခု Sky Net က ဈေးတက်ပြီ။ ဘောလုံးပွဲရာသီရောက်မှ ဈေးတက်ပြီ။ ကျွန်တော်တို့ မတတ်နိုင်တော့ဘူး။ သူ့ဟာက တပ်ပြီးသား ဖြစ်နေပြီ။ အခု ကျွန်တော် ငွေဖြည့်ကဒ် ထပ်ပြီးမဖြည့်ဘူး။ ဆိုလိုတာက ဒါမျိုး နောက်တစ်ခါ ချုပ်လာမယ် ဟုတ်လား။ Press ကိုရော၊ Broadcast ကိုရော

Group တစ်ခုတည်း ကိုပဲ ပေးတယ်ဆိုရင် ဘယ်လိုမှ မသင့်လျော်ပါဘူး။ ဒါကြောင့်မို့လို့ ပုဒ်မ ၂၈ ကို ပြန်လည် ထည့်သွင်းရေးဆွဲသင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျာ။ ပုံနှိပ်ခြင်းနဲ့ထုတ်ဝေခြင်း ဥပဒေမှာ အပိုင်းနှစ်ပိုင်း ပါ ပါတယ်။ ပထမအပိုင်းကတော့ ပုံနှိပ်သူပါ။ ပုံနှိပ်သူဆိုတာ ရင်းနှီးမြှုပ်နှံသူ ဖြစ်ပါတယ်။ သူ့ရဲ့ အခငွေကြေးအရင်းအနှီးနဲ့ ပုံနှိပ်စက်ကိရိယာပစ္စည်းများကို ရင်းနှီးပြီးတော့ သူက စီးပွားရေးအဖြစ် လုပ်ကိုင်သူ ဖြစ်ပါတယ်။ ဒါကြောင့် ပုံနှိပ်သူဟာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုရှိရပါတယ်။ ထုတ်ဝေသူကတော့ သူက သက်ဆိုင်ရာမှာ မှတ်ပုံတင်ရန်သာ လိုပါတယ်။ သူက အရင်းအနှီး မလိုပါဘူး။ ဒါကြောင့် သူတို့နှစ်ခုဟာ လာရာအရပ်ခြင်းလည်းမတူပါဘူး။ လားရာ အရပ်ချင်းကလည်း တူနိုင်မှာ မဟုတ်ပါဘူး။ ပုံနှိပ်သူဟာ စီးပွားရေးဖြစ်တဲ့အတွက် သူက ငွေကြေးကိုသာ၊ အမြတ်အစွန်းကိုသာ အဓိကထားမှာ ဖြစ်ပါတယ်။ ထုတ်ဝေသူကတော့ ရည်ရွယ်ချက် အမျိုးမျိုးရှိနိုင်ပါတယ်။

ကျွန်တော်တို့ ပထမဖြစ်တဲ့ ပုံနှိပ်သူဟာ စီးပွားရေး လုပ်ငန်းရှင် ဖြစ်တဲ့အတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေးတွေ ပေးရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော် တင်ပြရမယ်ဆိုရင် ကျွန်တော်ဟာ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးနဲ့ မော်တော်ကား၊ ဘတ်(စ)ကား တည်ထောင်တဲ့ လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ငွေကြေးနဲ့ ဘတ်(စ)ကားကို ဝယ်ပြီးတဲ့အခါမှာ သက်ဆိုင်ရာ ကုန်လမ်းပို့ဆောင်ရေးမှာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို တင်ရုံပါပဲ။ ဒီလိုင်စင်ရရှိပြီးတာနဲ့ ကျွန်တော်ဟာ ဝန်ထမ်းတွေဖြစ်တဲ့ ယာဉ်မောင်း၊ စပယ်ယာတွေကို ငှားပါတယ်။ ငှားပြီးတဲ့အခါမှာ သတ်မှတ်တဲ့လိုင်းပေါ်မှာ ပြေးဆွဲပါတယ်။ ကျွန်တော့်ရဲ့ ယာဉ်ပေါ်မှာ ခရီးသွားလာတဲ့ ရဟန်းရှင်လူ၊ ပြည်သူများ ပါဝင်သလို သူခိုး၊ ဂျပိုးတွေလည်း ပါပါတယ်။ ဘိန်းဖြူတွေသယ်တဲ့လူတွေလည်း ပါမှာပဲ။ မူးယစ်ဆေးဝါး ရောင်းဝယ်တဲ့သူတွေလည်း ကားပေါ်မှာ သယ်ပြီးသွားမှာပဲ။ သူတို့ရဲ့ ဥပဒေချိုးဖောက်မှုဟာ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်မှု မရှိရပါဘူး။ အဓိက က ဒီလို ကာကွယ်မှုမျိုးကို စီးပွားရေးသမားကို ကာကွယ်မှုပေးရမှာပါ။

တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ကျွန်တော်တို့ စီးပွားရေးသမားဟာ ဘယ်လောက်တောင် ကာကွယ်မှု ပေးရမလဲဆို သူ့ရဲ့ ဝန်ထမ်းဖြစ်တဲ့ ယာဉ်မောင်း၊ စပယ်ယာတွေ ယာဉ်စည်းကမ်းချိုးဖောက်ရင်တောင်မှ ကျွန်တော်တို့ အုံနာကို မထိခိုက်အောင် ကာကွယ်မှုပေးရပါတယ်။ ဒါကြောင့် ဒီစီးပွားရေးလုပ်ငန်းကြီးဟာ ဖွံ့ဖြိုး တိုးတက်တာပါ။ ဒီစီးပွားရေးလုပ်ငန်းထိအောင် မပါ ပါ။ အဓိက စီးပွားရေးလုပ်ငန်းရှင်ကို ကာကွယ်မှုမပေးဘူးဆိုလို့ရှိရင် ဒါဟာ စီးပွားရေး လုပ်ငန်းရှင် မလုပ်ကိုင်ရဲပါပဲ။ မလုပ်ကိုင်လို့ရှိရင် ဒီစီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးဟာ ထိခိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေရဲ့ အဓိကဖြစ်တဲ့ ပုံနှိပ်သူနဲ့ ထုတ်ဝေသူ နှစ်ပိုင်းပါ။ ပုံနှိပ်သူက စီးပွားရေးသမားဖြစ်တဲ့အတွက် သူ့ကို သီးသန့်ထားပါ။ သူ့ကို စီးပွားရေးအရ အခွင့်အရေးထက် အကာအကွယ် ပေးရမှာပါ။

သူ့ရဲ့တာဝန်ကတော့ ဟုတ်လား ခင်ဗျားဟာ တရားဝင်မှတ်ပုံတင်ခွင့်ရှိတဲ့ ထုတ်ဝေသူရဲ့ ထုတ်ဝေစာကို ခင်ဗျားဟာ ထုတ်ရုံပဲ။ ကျန်တာ ခင်ဗျားနဲ့ ဟုတ်လား ဒီဥပဒေမှာပါတဲ့ ပြစ်မှု၊ ပြစ်ဒဏ်နဲ့ ခင်ဗျား သက်ဆိုင်ခြင်း မရှိစေရဆိုတဲ့ အချက်နဲ့ စီးပွားရေးသမားကို အဲဒီ Chance ပေးဖို့ ပထမတစ်ချက် တင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ ဒီဥပဒေမှာ သတင်းမီဒီယာတွေ နဲ့ပတ်သက်လို့ သတင်းစာ၊ စာနယ်ဇင်း ကိစ္စတွေ ပါပါတယ်။ ကျွန်တော်တို့ သတင်းစာ၊ မဂ္ဂဇင်းတွေနဲ့ သာမာန်ထုတ်ဝေစာ ဆိုတာနဲ့ မတူပါဘူး။ သာမာန်ထုတ်ဝေစာတွေက ဥပမာအားဖြင့် ကျွန်တော်တို့ တစ်ဦးတစ်ယောက်ချင်း ထုတ်ဝေတဲ့စာတွေ ကျွန်တော်တို့ လွှတ်တော်မှာရှိတဲ့ စာရေးဆရာကြီး ဦးကျော်ဝင်း တို့၊ ဆရာ ချစ်စံဝင်း တို့ ထုတ်ဝေတယ်ဆိုတာ တစ်ဦးတစ်ယောက်တည်းက ထုတ်ဝေတဲ့စာတွေပါ။ ဒီထုတ်ဝေစာတွေက သူတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ်၊ ဗဟုသုတကို ကျန်တဲ့ Public ကို အများကို ဖြန့်ဝေတဲ့စာမျိုး ဖြစ်ပါတယ်။ သတင်း၊ မီဒီယာကြတော့ ဗဟုသုတ Knowledge ကို ဖြန့်ဝေတာ မဟုတ်ပါဘူး။ သူက သတင်းကို ပေးတာပါ။ ဥပမာအားဖြင့် ပြောရမယ် ဆိုလို့ရှိရင် လူတစ်ယောက်က ခွေးတစ်ကောင်ကို ကိုက်လိုက်တယ်ဆိုတာလဲ ဒါသတင်းပါပဲ။ သတင်း၊ မီဒီယာမျိုးက ဒီလိုမျိုးကို ယူတာပါ။ အဲဒီတော့ သတင်း၊ မီဒီယာသမားအတွက် ဒီဥပဒေမှာ ပြဋ္ဌာန်းသလိုမျိုးဆိုရင် သူတို့အတွက်က ဥပဒေ မရှိတော့ ဘူးလားဆိုတော့ မဟုတ်ပါဘူး။ သူတို့အတွက်က ကျင့်ဝတ်နဲ့ တာဝန်သိမှုနဲ့ဆိုင်တဲ့ ဥပဒေတွေ ရှိပါတယ်။ ကျွန်တော် အခု ဒီနေ့ လွှတ်တော်မှာ တင်သွင်းမယ့် သတင်းမီဒီယာဥပဒေမှာ သတင်းနဲ့ စာနယ်ဇင်းသမားတွေနဲ့ သက်ဆိုင်တဲ့ သတင်းစာ၊ ဂျာနယ်နဲ့ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ပါပါတယ်။ သူတို့ဟာဆိုလို့ရှိရင် ဒီပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းဥပဒေနဲ့ အရေးယူလို့ မရတဲ့အပိုင်း တွေတောင် ကျွန်တော်တို့ပြဋ္ဌာန်းထားပါတယ်။

ဥပမာအားဖြင့်တင်ပြရမယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့နှစ်အနည်းငယ်က သူတို့က အာဖရိကမှာ ဆင်းရဲမွဲတေမှု ဖြစ်ပါတယ်။ အဲဒီအခါမှာ သတင်းဓာတ်ပုံတစ်ခု ပါ ပါတယ်။ ကလေးတစ်ယောက်က ထိုင်ရာကမထ ငုတ်တုတ်ထိုင်နေတယ်။ သူ့နောက်မှာ လင်းတကြီးက ထိုင်စောင့်နေတဲ့ပုံ သတင်း ဓာတ်ပုံက ကမ္ဘာကျော်ခဲ့ပါတယ်။ ဒီပုံကို ရိုက်တဲ့သူလည်း ဆုတွေအမျိုးမျိုး ရပါတယ်။ ဒါပေမဲ့ ဒီဆုနဲ့ ဒီဓာတ်ပုံနဲ့ ပတ်သက်လို့ သူ့ကို မေးတဲ့အခါမှာ သူက ဒီကလေးကို သူ့ရဲ့ ဓာတ်ပုံရိုက်ယူရုံပဲ ဖြစ်တယ်။ ဒီဓာတ်ပုံ ရိုက်ပြီးတာနဲ့ သစ်ပင်ရိပ်မှာ အားရဝမ်းသာနဲ့ ဆေးလိပ်ကို ဖွာသောက်ပြီး ကလေးကို လှည့်မကြည့်ဘဲ ထွက်ခဲ့တယ် ဆိုတဲ့အကြောင်း သိရတဲ့အခါမှာ လူ့ကျင့်ဝတ်၊ သတင်းသမားတွေရဲ့ ကျင့်ဝတ်ကို ဖောက်ဖျက်တယ်ဆိုပြီး အကြီးအကျယ် ဂယက်ထပါတယ်။ ဒီဂယက် ကြောင့်လည်း ဒီဓာတ်ပုံရိုက်ကူးသူဟာ သူ့ကိုယ်သူ သတ်သေသွားပါတယ်။ နောက်တစ်ခုကလည်း ဗြိတိသျှတော်ဝင် မင်းသမီး လေဒီဒိုင်ယာနာ၊ သူတို့ အိမ်ထောင်ရေးဖောက်ပြန်မှုကို သတင်းသမား တွေက သဲကြီးမဲကြီး လိုက်ကြတဲ့အခါ သူ ထွက်ပြေးရပါတယ်။

ထွက်ပြေးတဲ့အခါမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး သေငယ်ဇောနဲ့ မျောနေတဲ့အချိန်မှာတောင် မှာ သတင်းသမားတွေဟာ အတင်းအဓမ္မ သတင်းဓာတ်ပုံတွေ ယူပြီးရိုက်တဲ့ဟာကို သတင်းမီဒီယာ လောကမှာ တော်တော်အုတ်အော်သောင်းနင်း ဖြစ်သွားပါတယ်။ ဒီလိုကျင့်ဝတ်မျိုးဟာ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်း ဥပဒေမှာ ပြဋ္ဌာန်းလို့ မရပါဘူး။ ဒါဟာ သတင်းသမားတွေရဲ့ရာဇဝင်ကို အဓိကကာကွယ်ဖို့

အတွက် ကျင့်ဝတ်နဲ့ တာဝန်သိမှုနဲ့ဆိုင်ပြီးတော့ ပြဋ္ဌာန်းတားမြစ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ သတင်းသမားတွေကို ဒီလိုမျိုး တားမြစ်ပေးရမှာ ပါသလို သတင်းသမားတွေကို ကာကွယ်ပေးရမယ့် ဥပဒေ ရှိပါတယ်။ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရေးအခင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားသတင်းထောက်ဖြစ်တဲ့ ဂျပန်တစ်ဦးဟာ ရန်ကုန်မြို့လယ်မှာ သတင်းလာယူရင်းနဲ့ ကျွန်တော်တို့ တာဝန်ကျစစ်သားကနေ သေနတ်နဲ့ပစ်ပြီး သေသွားတဲ့ပုံဟာ ကမ္ဘာကျော်ခဲ့ပါတယ်။ ဒီပုံက ကျွန်တော်တို့နိုင်ငံရဲ့ သတင်းမီဒီယာလောကကြီးတစ်ခုလုံး ထိခိုက်ပြီးတော့ နိုင်ငံရဲ့ဂုဏ်သိက္ခာလည်း များစွာထိခိုက်ရပါတယ်။ အဓိက က နိုင်ငံတကာမှာ ဆန္ဒပြတဲ့သူတွေကို တပ်မတော်က၊ စစ်တပ်က နှိမ်နင်းတာ လက်ခံပါတယ်။ သို့သော်ငြားလည်း နိုင်ငံတကာ ယဉ်ကျေးမှုမှာ သတင်းသမား၊ မီဒီယာသမားကို ဒီလိုပစ်တာ၊ ခတ်တာမျိုး နိုင်ငံတကာ ယဉ်ကျေးမှုက လက်မခံတော့ပါဘူး။ ကျွန်တော်တို့ဟာ ကမ္ဘာနဲ့အတူ ရင်ပေါင်တန်းပြီး ကမ္ဘာ့ယဉ်ကျေးမှုစံကို လက်ခံရမှာပါ။ ဒီယဉ်ကျေးမှုက၊ စံက ဘာဖြစ်သလဲဆို သတင်းသမား၊ မီဒီယာသမားတွေကို ကာကွယ်မှုပေးရမယ်ဆိုတဲ့ အချက်ပါပဲ။

ဒါကြောင့် ဒီပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်း ဥပဒေမှာပါတဲ့ သတင်းမီဒီယာသမားတွေနဲ့ သက်ဆိုင်တဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ပတ်သက်လို့ သီးသန့်မီဒီယာ ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ဒီဥပဒေမှာပါတဲ့ ကျွန်တော်တို့ သတင်းမီဒီယာကိစ္စနဲ့ သတင်းစာ၊ ဂျာနယ်ကိစ္စကို ထုတ်နှုတ်ပေးပါ။ ဒါကြောင့် အကျဉ်းချုပ်အဖြစ် တင်ပြရမယ်ဆိုလို့ရှိရင် ပုံနှိပ်သူနဲ့ ထုတ်ဝေခြင်း ဥပဒေမှာ စီးပွားရေးသမားဖြစ်တဲ့ ပုံနှိပ်သူအတွက် သီးသန့်အကာအကွယ်ပေးဖို့နဲ့ သတင်းမီဒီယာကိစ္စတွေဖြစ်တဲ့ သတင်းစာ၊ ဂျာနယ်သမားတွေအတွက် သီးသန့်အခွင့်အရေးနဲ့ တာဝန်ယူမှုတွေပါတဲ့၊ တားမြစ်မှုတွေပါတဲ့၊ ကာကွယ်မှုတွေပါတဲ့ သတင်းမီဒီယာ ဥပဒေတွေကို ပြဋ္ဌာန်းတဲ့အခါမှာသာ လိုအပ်သလို ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအပေါ်မှာ ခြုံငုံသုံးသပ်အကြောင်းသုံးရပ်နဲ့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ကွက်၊ အကြောင်းအချက် ခိုင်လုံဖို့ ဖတ်ကြားဆွေးနွေးခွင့်ပြုပါခင်ဗျား။

ပထမအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာပေးရန် တရားရုံးသို့လျှောက်ထားဆဲအချိန်မှာ ဝန်ကြီးဌာနက စီမံခန့်ခွဲရေးနည်းလမ်းနဲ့ ဆိုင်းငံ့ထားလိုခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက် ပုဒ်မ ၁၁ တွင် တရားဝင် ထုတ်ဝေစာအဖြစ် သံသယကို ဖြစ်ဖွယ်ရာ ဖြစ်သော ထုတ်ဝေစာကို တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပေးဖို့အတွက် ခရိုင်အဆင့် တရားရုံးတစ်ရုံးကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနဲ့ ထိခိုက်နစ်နာတဲ့ ပုဂ္ဂိုလ်

အဖွဲ့အစည်းက လျှောက်ထားဖို့ ပြင်ဆင်ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ပြင်ဆင်ချက်ပုဒ်မ ၁၂ မှာတော့ တရားရုံးက အခုလိုလျှောက်ထားလာတဲ့အပေါ်မှာ အမိန့်တစ်စုံတစ်ရာ မချမှတ်မီ သံသယ ရှိသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဝန်ကြီးဌာနက ဆိုင်းငံ့ ထားနိုင်သည်လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒီနေရာမှာ ကျူးလွန်တယ်လို့ တပ်အပ်သေချာမပြော နိုင်သေးတဲ့ သံသယရှိယုံမျှနဲ့ပဲ တရားရုံးက စစ်ဆေးစီရင်မှုမပြီးသတ်သေးတဲ့အချိန်မှာ ဝန်ကြီးဌာနက တားမြစ်မယ်ဆိုတာ တရားစီရင်ရေးလုပ်ငန်းအပေါ် ကျော်လွန်ဆောင်ရွက်နေသလို ဖြစ်နေတယ်လို့ ယူဆရပါတယ်။

ရာဇဝတ်မှုတွေမှာ သံသယရဲ့အကျိုးခံစားခွင့်ကို တရားခံအဖြစ်စွပ်စွဲခံရသူကို ပေးအပ်ရ ပါတယ်။အခုလို စီမံခန့်ခွဲရေး နည်းလမ်းနဲ့ထိန်းချုပ်တာကျတော့ ပြောင်းပြန် သက်ရောက်နေတာဟာ ဆီလျော်မှုမရှိဘူးလို့ သုံးသပ်မိပါတယ်။ တရားရုံးကနေ တရားမဝင် ထုတ်ဝေစာ မဟုတ်ပါလို့ ဆုံးဖြတ် ခဲ့ရင် နစ်နာမှုအတွက် ဘယ်လိုပြန်လည် ကုစားပေးမလဲဆိုတာ မေးခွန်း ထုတ်စရာ ဖြစ်နေပါတယ်။ ဒါကြောင့် တရားစီရင်ရေးအပေါ်မှာ ကျော်လွန်သက်ရောက်နေတဲ့ ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနည်းလမ်း အရ တားမြစ်ခြင်း၊ ဆိုင်းငံ့မှုကို မပြုလုပ်သင့်ပါဘူးလို့ ဆွေးနွေး တင်ပြလိုပါတယ်။ ယခု ဥပဒေပါ ဖော်ပြချက်အရ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာပေးဖို့ ခရိုင်အဆင့်တရားရုံးမှာ လျှောက်ထားရန် ဖြစ်ကြောင်း ဖော်ပြထားသော်လည်း ရာဇဝတ်ဥပဒေအရ စီရင်ရမည် သို့မဟုတ် တရားမဥပဒေအရ စီရင်ရမည်ဟု ရှင်းလင်းစွာဖော်ပြထားခြင်း မရှိတာကို တွေ့ရပါတယ်။ အကယ်၍ ခရိုင်တရားရုံးကို လျှောက်ထားမှုဟာ တရားမဝင်စာ အဖြစ်ကြေညာရန် လိုအပ်ပါက သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟကြေညာစေလိုမှုဖြစ်လျှင် တရားရုံးသည် တရားမဥပဒေအမိန့် ၃၉ အရ ယာယီ တားဝရမ်း သို့မဟုတ် တစ်ဖတ်သတ် ယာယီတားဝရမ်း ထုတ်ဆင့်ခွင့် ရှိပြီးဖြစ်ကြောင်း လေ့လာသိရှိရ ပါတယ်။ ဒါကြောင့်အမိန့် တစ်စုံတစ်ရာ မချမှတ်မီ သံသယရှိသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် တရားရုံးကသာ ဆောင်ရွက်ခွင့်ပေးသင့်ကြောင်း အကြံပြုလိုပါတယ်။

ဒုတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ တားမြစ်ချက်များအပိုင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ် များအပိုင်းပဲ ဖြစ်ပါတယ်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များ လည်း အသီးသီး ပေါ်ပေါက်လာခဲ့ပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)မှာလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရမယ်လို့ အတိအလင်း ဖော်ပြထားပါတယ်။ ဒါပေမဲ့ ယနေ့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအများစုကို အမှန်အတိုင်းပွင့်လင်းစွာ သုံးသပ် တင်ပြရမယ်ဆိုရင်တော့ Special Law လို့ခေါ်တဲ့ အထူးပြုဥပဒေတွေက အများစု ဖြစ်နေတယ်လို့ ထင်မြင်မိပါတယ်။ သမိုင်းကြောင်းကို ပြန်လည်ခြေရာကောက်ကြည့်မယ်ဆိုရင် ဒီလိုအထူးပြုဥပဒေ တွေဟာ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီအစိုးရလက်ထက်မှာ အရေအတွက်များပြားလာခဲ့ပြီးတော့ န.ဝ.တ၊ န.ယ.က အစိုးရလက်ထက်မှာ အင်မတန် တိုးတက်လာခဲ့ပါတယ်။ ဒါကြောင့်မို့ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ တည်ဆဲဥပဒေတွေဟာ ဖောင်းပွလွန်းနေတယ်လို့ သုံးသပ်ဝေဖန်နေတာ လည်း ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ အထူးပြုဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ ထိန်းချုပ်ကန့်သတ်မှုတွေများလာတဲ့အခါမှာ ရာဇဝတ်ကြောင်းအရ၊ တရားမကြောင်းအရ အရေးယူဆောင်ရွက်နိုင်တဲ့ကိစ္စတွေကို အထူးဥပဒေတွေနဲ့ ကန့်သတ်ပြဋ္ဌာန်းပြီး တားမြစ်ချက်တွေ၊ ပြစ်ဒဏ်တွေနဲ့ ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်သူလူထုအပေါ်မှာ ဖိစီးမှုတွေရှိလာခဲ့ပါတယ်။ ဒါကြောင့် ယခုဥပဒေတွေ ပြဋ္ဌာန်းထားတဲ့ တားမြစ်ချက်နဲ့ ပြစ်ဒဏ်တွေထဲက ရာဇဝတ်ကြောင်းအရ၊ တရားမကြောင်းအရ အရေးယူဆောင်ရွက်နိုင်တာတွေကို ပြစ်မှု၊ ပြစ်ဒဏ် သီးခြားပြဋ္ဌာန်းဖို့ လို/မလို သုံးသပ်သင့်ပါတယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယနဲ့ နောက်ဆုံးအချက်အနေနဲ့ကတော့ ဥပဒေရဲ့ ကျစ်လစ်သိပ်သည်းမှုအပိုင်းနဲ့ ဥပဒေများဖောင်းပွမှုများပြားနေတဲ့အပိုင်းတွေပဲဖြစ်ပါတယ်။ ဥပဒေမှာ ရည်ရွယ်ချက်များကို အခန်းသစ်တစ်ခုအနေနဲ့ သီးခြားထည့်သွင်းထားတာ ဥပဒေရဲ့ ကျစ်လစ်သိပ်သည်းမှုကို အားနည်းစေတယ်။ ဥပဒေအခန်း သတ်မှတ်ချက်တွေ ဖောင်းပွလာတယ်လို့ ရိုးသားစွာ ယူဆမိကြောင်း တင်ပြလိုပါတယ်။ ယခု ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းဥပဒေမူကြမ်းလိုပဲ မီဒီယာဥပဒေကြမ်း၊ ရုပ်သံလွှင့်ဆိုင်ရာဥပဒေကြမ်း P.S.Mလို့ခေါ်တဲ့ Public Service Media ပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာ ဥပဒေကြမ်းတွေကို ဆက်လက်တင်သွင်းလာဦးမယ်လို့လည်း သိရှိထားရပါတယ်။ တည်ဆဲဥပဒေတွေမှာတောင် ရှေ့က ကျွန်တော်တင်ပြခဲ့သလို အထူးဥပဒေ ပြဋ္ဌာန်းချက်များ များပြားနေတယ်ဆိုရင် ဘူးလေးရာ ဖရုံဆင့် ဆိုသလို ဖြစ်နေမှာကို စိုးရိမ်မိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော် တင်ပြခဲ့တဲ့ သတင်းပြန်ကြားရေးနဲ့ မီဒီယာနဲ့သက်ဆိုင်တဲ့ ဥပဒေတွေကို တစ်ပေါင်းတစ်စည်းတည်း ဥပဒေတစ်ခုထဲမှာ အပိုင်းလိုက် ပြဋ္ဌာန်းပေးခဲ့မယ်ဆိုရင် နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့လည်း ကိုက်ညီပြီး ကျစ်လစ်ခိုင်မာတိကျတဲ့ မီဒီယာဥပဒေတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြုသဘောဖြင့် အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၇)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ အကြံပေးပညာရှင်ကြီးများနဲ့ တက်ရောက်လာသူများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာ အချက်(၄)ချက်ပါ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဖြန့်ဝေထားတဲ့ စာရွက်ရှိပါတယ်။ ကျွန်တော်တို့ မနေ့က အဲဒီဟာအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော် ဆွေးနွေးပါမယ်။ အဲဒီမှာ လေ့လာတွေ့ရှိချက်(ခ)မှာ ဤဥပဒေပုဒ်မ ၃ ပါ မူလရည်ရွယ်ချက်များကို ပိုမိုတိကျပြည့်စုံစေရန် ဆိုပြီးတော့ သူက(က)မှာ ဘယ်လိုဖော်ပြထားသလဲ ဆိုတော့ အရင်းအနှီး ရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေးရန် ဆိုပြီးတော့ ပါ ပါတယ်။ အဲဒီဟာက တိကျပြည့်စုံမှု မရှိပါဘူး။ ဒါယေဘုယျ သဘောဆန်နေပါတယ်။ အဲဒီတော့ တိကျပြည့်စုံအောင် ဆိုတဲ့ ကျွန်တော့်အနေနဲ့တင်ပြလိုတာက ပထမဦးစွာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စပါးစိုက်တဲ့ တောင်သူရှိတယ်။ ပဲ၊ နှမ်း စိုက်တဲ့ တောင်သူရှိတယ်။ နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းမှာဆိုရင် စပါးက အဓိကမစိုက်ပါဘူး။ ပဲ၊ နှမ်း အဓိက စိုက်ပါတယ်။ စပါးကို ဧရာဝတီတိုင်းက ဝယ်စားတယ်ဆိုတော့ ကျွန်တော်တို့မြေကလည်း စပါးစိုက်လို့ မဖြစ်တဲ့မြေများပါတယ်။ ဒါကြောင့်မို့လို့ စပါးကို ကျွန်တော်တို့က ဝမ်းစာလောက်ပဲ စိုက်တယ်။ ပဲ၊ နှမ်းကို အဓိက စိုက်တယ်။ ကျွန်တော်တို့က မတူပါဘူး။ Crop Pattern မတူတဲ့အတွက်ကြောင့် ကျွန်တော်တို့ စပါးစိုက်တဲ့ ရာသီနဲ့ ပဲ၊ နှမ်းစိုက်တဲ့ရာသီ မတူပါဘူး။

ဒါကြောင့်မို့လို့ ငွေချေးတဲ့အခါမှာ စိုက်ဘဏ်က ချေးနေတဲ့ နှုန်းကဘယ်လိုရှိလဲဆိုတော့ မေလမှာ ချေးပါတယ်။ ဇန်နဝါရီလ မှာ ပြန်ဆပ်ရပါတယ်။ (၉)လ ကြာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က တကယ်တမ်းငွေလိုတဲ့အချိန်က နှမ်းစကြဲတဲ့အချိန်၊ မေလမှာ နှမ်းစကြဲပြီးတော့ ဇွန်လမှာ နှမ်းပေါင်းထုပါတယ်။ နှမ်းကြဲတာက ကျွန်တော်တို့ ပိုက်ဆံမကုန်ပါဘူး။ ပိုက်ဆံကုန်တာက နှမ်းပေါင်းထုတဲ့အချိန်ပါ။ ပိုက်ဆံကုန်ပြီ။ ဇွန်လကျမှ ပိုက်ဆံကို လိုချင်တယ်။ ပြီးရင် ဧပြီလမှ ပဲပေါ်တယ်။ ပဲပေါ်ရင် ငွေရှင်ပြီ။ ငွေရှင်ရင် ခုနချေးထားတဲ့ ပိုက်ဆံပြန်ဆပ်ချင်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဘယ်လိုဖြစ်ချင်လဲဆိုတော့ ထိုသို့ချေးငွေများပေးရာတွင် ဒေသအလိုက်စိုက်ပျိုးသော သီးနှံများပေါ် မူတည်ပြီး ဘတ်ဂျက်နှစ်အလိုက် မဟုတ်ဘဲ ပြက္ခဒိန်နှစ်အလိုက် ချေးငွေအဖြစ် သတ်မှတ်ရန် ဥပမာ - စပါးစိုက်သောဒေသအတွက် မေနှင့်ဖေဖော်ဝါရီလကြား၊ ပဲ၊ နှမ်းစိုက်ပျိုးသောဒေသအတွက် ဇွန်နှင့် ဧပြီကြား သတ်မှတ်ရန် ဆိုပြီးတော့ ခုန ပုဒ်မ ၃ ပါ မူလထက် ပိုမိုတိကျပြည့်စုံ စေရန်ဆိုတဲ့ ခေါင်းစဉ်နဲ့ညီအောင် အဲဒီလို တိတိကျကျလေးထည့်လိုက်ရင် ပိုကောင်းပါမယ်လို့ ကျွန်တော်အကြံပြုတင်ပြလိုပါတယ်။

နောက်တစ်ချက် ပုဒ်မ ၅ ပေါ့၊ စာမျက်နှာ(၃)မှာ ပုဒ်မ ၅ ရဲ့ အပိုဒ်(င) ပေါ့။ စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုများကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများထူထောင်ခြင်း၊ အားပေးခြင်း ဆိုပြီးတော့ ပါ ပါတယ်။ (င)မှာ

အဲဒါကလည်း ယေဘုယျသဘောဆန်တယ်။ အကုန်လုံးကူညီမယ်။ အကုန်လုံး ကူညီမယ်ဆိုတဲ့ နေရာမှာ ဘာထည့်ချင်လဲဆိုတော့ တောင်သူဟာ သူ့မြေကြီးကို PH ဓာတ် ဘယ်လောက်ရှိလဲဆိုတာကို သိဖို့ အရေးကြီးတယ်။ အဲဒီတော့ PH ဓာတ် ကိုသိမှ MPK လို့ခေါ်တဲ့ နိုက်ထရိုဂျင်ဖော့စဖရပ်၊ ဆာလဖိတ် စသည်ဖြင့် ဆာလဖာ ဒီဟာတွေကို ဘယ်လောက်အချိုးတွေထည့်ရမလဲ ဟုတ်လား၊ 223 ထည့်မလား 442 ထည့်မလား၊ ဒီလိုမျိုး ထည့်ရတာပေါ့။ ထည့်ရတဲ့အတွက်ကြောင့် PH ဓာတ်ဟာ (၃)နှစ်တစ်ကြိမ် လောက် စမ်းသပ်တိုင်းတာပေးဖို့ လိုလိမ့်မယ်။ ဒါမှသာလျှင် မလိုအပ်ဘဲနဲ့ ပုလဲ ကျွေးစရာ မလိုဘူး။ မလိုအပ်ဘဲနဲ့ ယူရီးယား၊ ဖော့စဖရပ် ကျွေးစရာ မလိုဘူး။ ဒါမျိုးပေါ့။ ဘာကို အထူးပြုပြီး သူ့မြေကို ကျွေးရမှာလဲ ဆိုတာကို ဒီမြေကြီးတွေဟာ ကြာလှပြီ သုံးလာတာ။ ကျွန်တော်တို့ လုံးဝမြေသြဇာ လိုပါတယ်။ Organic Farming တို့ ဘာတို့က သူဌေးတွေ အလုပ်ပါ။ ဒါ တကယ်တမ်း တောင်သူ ဆိုတာ ဆင်းရဲသားတွေဆိုတော့ ကျွန်တော်တို့က များများ သွင်းအားစုလိုပါတယ်။ ဒါကြောင့်မို့ အဲဒါကို (၃)နှစ်တစ်ကြိမ် PH ဓာတ် အခမဲ့စမ်းသပ်ပေးခြင်းဆိုပြီးတော့ အဲဒီ (င) မှာ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း ဆိုတာကို (၃)နှစ်တစ်ကြိမ် PH ဓာတ် အခမဲ့စမ်းသပ်ပေးခြင်း ဆိုတာ လေးကို ကျွန်တော့်အနေနဲ့ ထည့်ချင်ပါတယ်။

နံပါတ်(၃)အချက်က ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ မျိုးစေ့မမှန်၊ ပင်မသန် ဆိုတာပေါ့။ မျိုးစေ့မှန်မှ ပင်သန်ပါတယ်။ အဲဒါကြောင့် အဲဒီမှာမျိုးစေ့ဟာ အခု ကျွန်တော်တို့ ဒေသမှာ ဘာစိုက် သလဲဆို မနောသုခ စိုက်တယ်။ ဘယ်လောက်စိုက်သလဲဆို (၁၂)နှစ်ရှိပြီ။ ဆိုတော့ သုံးနှစ်ပြည့်ရင် မျိုးကန်းပါတယ်။ သုံးနှစ်ပြည့်ရင် ဘယ်စပါးမဆို မျိုးကန်းတယ်။ အရင်တုန်းကဆိုရင် တင်း(၈၀) လောက် ထွက်တယ်။ တစ်ဖြည်းဖြည်းနဲ့(၆၀) အခုဆိုရင် (၄၀)တောင်ဖျစ်ဖျစ်မြည်အောင် မနည်း ထွက်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ စိုက်လာတာကြာပြီ။ မျိုးလဲဖို့ရာအတွက်ကို ကျွန်တော်တို့ဆို ပွင့်ဖြူထိအောင် သွားယူရမယ်။ ပွင့်ဖြူမှာ မျိုးစေ့ခြံရှိတယ်။ သူတို့ စရိတ်မတတ်နိုင်တော့ ဟိုဝါ မလုပ်ဘူး။ ကျွန်တော်ကတော့ ကိုယ်တိုင် သွားသွားဝယ်တယ်။ ကျွန်တော်က ဧက(၅၀) ကိုယ်တိုင် စိုက်တဲ့အတွက်ကြောင့် ကိုယ်တိုင် သွားသွားဝယ်တယ်။ ကျွန်တော်ကတော့ ကားကြုံရှိတဲ့အတွက် ကြောင့် တစ်နှစ်တစ်ခါ မျိုးချိန်းတယ်။ တစ်နှစ်တစ်ခါဆိုရင်တော့ မျိုးတွေတအား ကောင်းတယ်။ အနည်းဆုံးတော့ သုံးနှစ်တစ်ခါ မျိုးလဲသင့်တယ်။ ဒါကြောင့်မို့ (ဈ)ပြီးတော့ (ဇ)(ဈ)(ည) ဆိုပြီးတော့ ကျွန်တော်က အပိုဒ်တစ်ပိုဒ် တပ်ထည့်လိုပါတယ်။ တောင်သူများ ကြိုက်နှစ်သက်သော သို့မဟုတ် တောင်သူမှ တောင်းဆိုသောဒေသနှင့် ကိုက်ညီသည့် စပါးမျိုးကောင်းမျိုးသန့်များ၊ စပါး/ သီးနှံ မျိုးကောင်းမျိုးသန့်များကို သုံးနှစ်တစ်ကြိမ် ကျေးလက်အရောက် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ချိ ပေးခြင်းဆိုပြီးတော့ ကျွန်တော် အဲဒီတစ်ပိုဒ် ထပ်ထည့်ချင်ပါတယ်။ ဒါမှသာလျှင် တကယ့် တောင်သူ လယ်သမားအကျိုးကို ကာကွယ်မယ့် ဥပဒေ ဖြစ်မယ်လို့ယုံကြည်ပါတယ်။

(၄) နောက်ဆုံးအချက် ကျွန်တော့်အနေနဲ့ တင်ပြလိုတာက အပိုဒ်(၈)မှာ၊ ပုဒ်မ ၈ ပေါ့၊ ပုဒ်မ ၈မှာ(က)ဆိုပြီးတော့ရေးထားပါတယ်။ နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှု ကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကိုလွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်ရှိသည်ဆိုတဲ့ အပိုဒ်မှာ မိမိတို့စပါးကို မထိခိုက်စေဘဲနဲ့ ဆိုတဲ့စကားလုံးကို

ကျွန်တော့်အနေနဲ့ ဘဝင်မကျပါဘူးခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် Stable Food မှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စပါးကို အဓိကစားတာ မှန်ပါတယ်။

သို့သော် ကျွန်တော်တို့ တွက်ခြေကိုက်တဲ့ စပါးကိုစိုက်သင့်ပါတယ်။ တွက်ခြေကိုက်တဲ့ စပါးဆိုတာက စပါးစိုက်တာဟာ ဘယ်တောင်သူစိုက်စိုက် အကုန်လုံးလူမွဲတွေချည်းပါပဲ။ ထိုင်းမှာ သွားကြည့်မလား။ ဗီယက်နမ်မှာ သွားကြည့်မလား။ စပါးစိုက်တဲ့ လူတန်းစား အကုန်လူမွဲတွေချည်းပဲ။ ဒီလူမွဲသရဖူကြီးကို ကျွန်တော်တို့ရဲ့ မြန်မာပြည်ကယူပြီးတော့ ပြောင်းဆောင်းမလို့လား။ စပါးကို သွားပြီးတော့ အဓိကမထားနဲ့။ ကျွန်တော်တို့က စပါးဟာ စားဖို့လောက်ရင် တော်ပြီ။ အခု ဂျပန်တို့၊ အမေရိကန်တို့က ကျွန်တော်တို့ကို ဟိုတစ်လောကပဲ လာသွားတယ်။ စပါးတိုးချဲ့ပြီးတော့ မျိုးကောင်းကောင်း စိုက်လို့ရအောင် လာကူညီပေးတယ်။ အဲဒါမဟုတ်ဘူး။ ကျွန်တော်တို့ကို မင်းတို့စိုက်၊ မင်းတို့က လူမွဲတွေ၊ မင်းတို့စိုက် ပြီးရင် ငါတို့ကဝယ်စားမယ်။ ကျွန်တော်တို့လည်း ကိုက်တာစိုက်မယ်။ ကိုက်တာစိုက်ပြီးတော့ ဝယ်စားမယ်။ ထိုင်းကဝယ်စားမယ်။ ဗီယက်နမ်က ဝယ်စားမယ်။ ကျွန်တော်တို့ မြတ်တဲ့ဟာကို ကျွန်တော်ဝယ်မယ်။ ဥပမာအားဖြင့် ကျွန်တော်ဆိုရင် ဟုတ်လား၊ မျောက်ငိုပင်ဆိုတဲ့ အမျိုးအစားကို ဧက(၅၀)စိုက်တယ်။ တစ်ပင်ကို တစ်သိန်းနဲ့ စာချုပ်ချုပ်တယ်။ ကျွန်တော် တစ်နှစ်မှာ ဟုတ်လား ကျွန်တော် အပင်(၁၅၀၀)စိုက်ထားတယ်။ တစ်နှစ်မှာ သိန်း(၁၅၀၀)ရမယ်။ ဒါမျိုး ဧက(၅၀)မှာ စပါးစိုက်ရင် သိန်း(၁၅၀၀) ရနိုင်မလား။ ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး။ ကိုက်တဲ့သီးနှံကို စိုက်ရမယ်။

ဒါကတော့ ကျွန်တော်က တမူး၊ ကလေးနဲ့ နီးတော့ ဟိုဘက်မှာ ကသည်းလူမျိုးများဟာ ဒါကို အင်မတန်ကြိုက်နှစ်သက်တော့ ဒီအပင်မျိုးကို ကျွန်တော်ရွေးချယ်ပြီး စိုက်တယ်။ ဒါမျိုး ရွေးချယ် စိုက်ပျိုးခွင့်ရှိရမယ်။ အဲဒါကြောင့် ကျွန်တော်ကဒါမှာ စပါးစိုက်ပျိုးမှုကို မထိခိုက် စေဘဲဆိုတာကိုတော့ ကျွန်တော် မထည့်ချင်ပါဘူး။ Stable Food ဆိုတာတော့ နားလည်ပါတယ်။ စားလို့ လောက်ရင် တော်ပြီ။ စပါးချည်းပဲစိုက်ရမယ်။ စပါးပြီးစပါး၊ စပါးပြီးစပါး စိုက်ရမယ်ဆိုရင် မွဲပြီးရင်းမွဲရင်း၊ မွဲပြီးရင်း မွဲရင်းဖြစ်လိမ့်မယ်။ ကျွန်တော်တို့ တောင်သူက သူ့ဟာသူ ကိုက်တာကို စိုက်ပါစေ။ သို့သော် ကြိုက်နှစ်သက်တဲ့ သီးနှံဆိုတဲ့နေရာမှာ ဘိန်းတို့၊ ဆေးခြောက်တို့တော့ မပါဘူးပေါ့လေ။ ဒါကြောင့်မို့လို့ ဘိန်းတို့ ဆေးခြောက်တို့တော့ ကျွန်တော်ကဒီမှာ မပါဘူးဆိုတဲ့အကြောင်းတော့၊ ဘာလို့လဲဆို ဥပဒေ ဆိုတာ မိမိလယ်တွင် ကြိုက်နှစ်သက်သည့်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးခွင့် ရှိပြီဟေ့ဆိုပြီးတော့ ဟာ ဒီမှာဥပဒေအရ ငါတို့ ဘိန်းစိုက်လို့ရပြီလို့ ထင်သွားမှာစိုးလို့၊ ကျွန်တော်က အပေါ်က စာကြောင်း တော့ ဖြုတ်မယ်။ နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သော ဆန်စပါး စိုက်ပျိုးခြင်းကို မထိခိုက်စေ ဘဲကို ဖြုတ်ပြီးတော့ မိမိတို့ လယ်ယာမြေတွင် မူးယစ်ဆေးဝါးပင်မှလွဲ၍၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော အပင်မှလွဲ၍ မိမိတို့ ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာ ရွေးချယ် စိုက်ပျိုးခွင့်ရှိသည်လို့ ဖြည့်စွက်သင့်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၀၇။**

**ဒေါက်တာဇညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရ၀ပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်ပြီးတင်ပြထားတာ တကယ်ပဲ တောင်သူလယ်သမားနဲ့ တိုင်းပြည်ကုန်ထုတ်လုပ်မှုကို အကျိုးပြုမည်လို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ နောင်တစ်ချိန်မှာ၊ မဝေးတော့တဲ့အချိန်မှာ ကမ္ဘာ့စပါးကျီ သို့မဟုတ် ကမ္ဘာ့မီးဖိုချောင် kitchen ဖြစ်လာနိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်ကျွန်တော့်အနေနဲ့ ဆွေးနွေးထောက်ခံပြီး (၂)ပိုဒ်လောက်ကိုပဲ ထပ်ဖြည့်ဖို့ အကြံပြုလိုပါတယ်။ ထပ်ဖြည့်ရန် အကြံပြုပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကို ဖွဲ့စည်းရာမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့က ဦးဆောင်တဲ့အပြင် တောင်သူလယ်သမားများ ကိုယ်စားပြုအဖွဲ့အစည်းများနဲ့ သင့်လျော်တဲ့ အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များတို့ ပါဝင်အောင် ဥပဒေကြမ်း ရေးဆွဲထားတာ အလွန်မှသင့်လျော်ပါတယ်။ ဦးဆောင်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်ကို ဖော်ပြထားတဲ့နေရာမှာ ပုဒ်မ ၅ မှာ အလွန်ကောင်းပြီးတော့ သင့်တော်ပါတယ် ဆိုပေမယ့် ကျွန်တော့်အနေနဲ့ နည်းနည်းထပ်ဖြည့်ချင် ပါတယ်။ ပုဒ်မ ၅(ဆ)၊ အပိုဒ်ခွဲ(ဆ)မှာ ကျွန်တော်က တောင်သူလယ်သမားများ၏ လယ်ယာ ထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရန် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနဲ့၊ ဆောင်ရွက်ပေးခြင်းဆိုတာ အဲဒီလောက်ပဲ ရှိပါတယ်။ အဲဒီအပိုဒ်ကို ကျွန်တော့်အနေနဲ့က ထပ်ဖြည့်ချင်တာက (နှင့်) တစ်လုံးထည့်ပြီးတော့ (နယ်ဟထိုးသေတ်)(နှင့်) လိုအပ်လျှင် အစိုးရက သင့်တင့်သည့်ဈေးနှုန်းဖြင့် ဝယ်ယူသိုလှောင်ခြင်းဆိုတာ ကျွန်တော် တစ်ပိုဒ်ထပ်ဖြည့်ချင်ပါတယ်။ အဲဒီအပိုဒ်ထဲမှာ အဲဒါကို ထပ်ဆက်ချင်တယ်။ ဤအပိုဒ်ကို ထပ်ဆက်တဲ့အခါမှာ ကျွန်တော်ထပ်ဆက်ရတဲ့ အကြောင်းက ဘာလဲဆိုတော့ အထက်က ဖော်ပြထားပြီးတဲ့ နည်းလမ်းတွေ အများကြီးရှိတယ်။ တောင်သူလယ်သမားတွေရဲ့ ထွက်ကုန်ပစ္စည်းတွေ၊ ဈေးနှုန်းရရှိဖို့အတွက် မနစ်နာဖို့အတွက်ဆိုတာ အများကြီး ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဥပဒေထဲမှာ ပါတဲ့နည်းအတိုင်း တစ်ခါတစ်လေကျတော့ မပြည့်၊ တောင်သူလယ်သမားတွေကို အကာအကွယ် မပေးနိုင်တဲ့အခါကျတော့ ဒီအပိုဒ်တစ်ပိုဒ်နဲ့ ကျွန်တော်တို့ တောင်သူလယ်သမားကို ကူညီနိုင်ပါတယ်။

ဒီလိုအစိုးရက သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်တာဟာ ဒီလွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ် ဈေးကွက်စနစ်ကို မထိခိုက်ပါ။ အစိုးရက သင့်တင့်တဲ့ဈေးနှုန်းကို ဝယ်တယ်။ အပြင်က ဝယ်ချင်တဲ့သူ အဲဒီထက်ကြီးတဲ့ ဈေးနှုန်း၊ ကောင်းတဲ့ဈေးနှုန်းနဲ့ ဝယ်နိုင်ပါတယ်။ အဲဒီထက်နိမ့်တဲ့ ဈေးနှုန်းနဲ့လည်း ဝယ်နိုင်ပါတယ်။ အဲဒါနဲ့ တူညီတဲ့ ဈေးနှုန်းနဲ့လည်း ဝယ်နိုင်ပါတယ်။ အဲဒီတော့ အစိုးရက အဲဒီလို ဝယ်ပေးခြင်းအားဖြင့် ဒီထက်နိမ့်တဲ့ ဈေးနှုန်းကို လူတွေက၊ တောင်သူလယ်သမားတွေက ရောင်းကြမှာ မဟုတ်ဘူး။ အဲဒီတော့ ဈေးကတက်လာမယ်။ ဒီနည်းလမ်းကို ကျွန်တော်တွေ့ရတာ ထိုင်းနိုင်ငံအစိုးရက သုံးနေတာကြာပြီ။ အင်မတန်အောင်မြင်တယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဝယ်ပြီးတော့ သိုလှောင်ရမယ်။ သိုလှောင်ပြီးတော့ နည်းစနစ်ကျရမယ်။ ကြိတ်ခွဲရမယ်။ နောက်ပြီးတော့ ဖောက်သည်ရှိရမယ်။ နိုင်ငံတကာမှာ သွားရောင်းရမယ်။ မရှုံးဘူး။ မြတ်တာပဲ များပါတယ်။ အဲဒါ စပါးချည်းပဲ မဟုတ်ဘူး။ သင့်တော်တဲ့ တောင်သူလယ်သမားတွေရဲ့ အရေးကြီးတဲ့ ကုန်ပစ္စည်းတိုင်း ဒီလိုလုပ်ပေးတာပါ။ နောက် ဥပမာ- ရာဘာ၊ ရာဘာလည်း ဈေးကျလွန်းအားကြီးရင် အစိုးရက အဲဒီလို လုပ်ပေးတယ်။ သိုလှောင်ထားတယ်။ ကောင်းကောင်းထားတယ်။ နိုင်ငံခြားမှာ ရောင်းတယ်။ နောက်ပြီးတော့ လိုင်ချီးလို အသီးမျိုးတောင်မှ အခြောက် အစိုးရကဝယ်တယ်။ အခြောက်လုပ်တယ်။ နောက်ပြီးတော့ ဈေးကောင်းတဲ့ အချိန်မှာ နိုင်ငံခြားကို ရောင်းပေးတယ်။

အဲဒီတော့ ဒီလုပ်ငန်းမျိုးဟာ ဒီလိုလုပ်ပေးတဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေဟာ နစ်နာဆုံးရှုံးမှု မရှိဘူး။ အရင်းအနှီးမှာ ထိခိုက်မှုမရှိဘူးဆိုတော့ နောင်အလုပ်ကို ဆက်ပြီးတော့ လုပ်နိုင်တဲ့အတွက်ကြောင့် သူတို့နိုင်ငံရဲ့ လယ်ယာထွက်ကုန်ပစ္စည်းဟာ အင်မတန်မှ ဝင်ငွေကောင်းနေပါတယ်၊ သူတို့နိုင်ငံ။ အခု ကျွန်တော်တို့နိုင်ငံထဲမှာ အသီးအနှံတွေကအစ အများကြီး ဝင်နေတာ ရှိပါတယ်။ ဒါကျွန်တော်တို့က လိုအပ်ရင် သူများလုပ်တာကို ကျွန်တော်တို့ သွားလေ့လာပါ။ ဘယ်လို သိုလှောင်တယ်။ ဘယ်လိုဝယ်တယ်။ နောက် တစ်ခါတစ်လေကျတော့ အစိုးရက ဒါရိုက်မဝယ်ဘဲနဲ့ အခြားအေးဂျင့်တွေ လွှတ်ပြီးတော့ ဝယ်တာလည်း ရပါတယ်။ အဲဒီတော့ နည်းကောင်း၊ စနစ်ကောင်း ကျွန်တော်တို့က ဒါလိုတယ်။ ဒါလေ့လာဖို့လိုတယ်။

နောက်တစ်ပိုဒ် ကျွန်တော်က အကြံပြုချင်တာက ဘာလဲဆိုတော့ အဲဒီအပိုဒ်နဲ့ တစ်ဆက်တည်း ခုနကတုန်းက (ဆ)၊ အခု(ဇ)အပိုဒ်မှာ ကျွန်တော် တစ်ပိုဒ် ထပ်ဖြည့်ချင်တယ်။ လယ်ယာထွက်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့် ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို ဆက်ပြီးတော့ ဘာလဲဆိုတော့ လယ်ယာထွက်ကုန်တစ်မျိုးမျိုးအတွက် နိုင်ငံများ အဖွဲ့အစည်းတွင် ပါဝင်ရန် ဆိုတာကို ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ ဒါဟာဘာလဲဆိုတော့ ကမ္ဘာ့ဈေးနှုန်းကို ကျွန်တော်တို့ ထိန်းနိုင်အောင် သို့မဟုတ် ကျွန်တော်တို့အတွက်၊ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိအောင်၊ ဥပမာ - လွန်ခဲ့တဲ့ (၄)၊ (၅)၊ (၁၀)နှစ်ကဖွဲ့ထားတာ ကျွန်တော် တွေ့ရပါတယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား (၃) နိုင်ငံကနေပြီးတော့ ကမ္ဘာ့ရာဘာ ထုတ်လုပ်တဲ့ နိုင်ငံများဆိုပြီးတော့ ဖွဲ့တယ်။ အဲဒီတော့ ဒီလိုအဖွဲ့အစည်းမျိုးဖွဲ့တယ်ဆိုရင် ကျွန်တော် အရင်တုန်းက OPEC ဆိုတာ ရှိတယ်။ ဒီဓာတ်ဆီထုတ်လုပ်တဲ့ နိုင်ငံများအဖွဲ့အစည်း၊ ကမ္ဘာ့အဖွဲ့အစည်းနိုင်ငံများ ဆိုတော့။ အဲဒီတော့ သူတို့က ဒီရေနံဆီဈေးနှုန်းကို ထိန်းနိုင်တယ်။ မြှင့်နိုင်တယ်။ နှိမ့်ချနိုင်တယ် လိုအပ်သလို၊

နောက် Production လည်းထိန်းနိုင်တယ်၊ အဲဒီတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဥပမာ - ရာဘာ၊ ဆန် အဲဒီလိုအဖွဲ့အစည်းမျိုး၊ ကျွန်တော်တို့ ထုတ်လုပ်တဲ့ နိုင်ငံများအဖွဲ့အစည်းမျိုးကို ကျွန်တော်တို့ ဖွဲ့စည်းသင့်တယ်။ ဖွဲ့စည်းထားတာ ရှိရင်လည်း ကျွန်တော်တို့က ပါဝင်သင့်တယ်။ အဲဒီတော့မှ ဒီကောင်းတဲ့ ဈေးနှုန်း ကျွန်တော်တို့ တောင်သူလယ်သမားအတွက် အကျိုးရှိနိုင်တယ်။ ဒါကြောင့် အဲဒီအပိုဒ်ကိုလည်း တစ်ပိုဒ် ထပ်ဖြည့်ပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ နိုင်ငံမှာ တောင်သူလယ်သမားများ အတွက် တစ်ခါမှ မရှိဘူးခဲ့တဲ့ ဥပဒေမျိုးကို ဆွဲတဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် အလေးအနက် ထောက်ခံပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ရေလိုအေးလို့ ပန်းလိုလန်းပါစေလို့ မေတ္တာပို့သ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ဒီတောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြည်သူ့လွှတ်တော်ကနေပြီးတော့ ခေါင်းစဉ်ပြောင်းပြီးတဲ့အခါကျတော့ သူက အတည်ပြုပြီးတော့ ပေးပို့လာသော်ငြားလည်း ကျွန်မကတော့ ဒီမူလ ဥပဒေအပေါ်မှာ ဆွေးနွေး သွားချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ ဒီလယ်သမားတွေကနေပြီးတော့ ကျွန်မတို့ဆီကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီးတော့ တောင်းဆိုထားတဲ့အချက်တွေ ရှိပါတယ်။ အဲဒီအချက်တွေ ထဲမှာ အစောကလည်း ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြသွားတဲ့ ချေးငွေနဲ့ ပတ်သက်တဲ့ အချက်တွေ ပါ ပါတယ်။ နောက်တစ်ခါကျတော့ ကျန်တဲ့ကောက်ပဲသီးနှံနဲ့ ပတ်သက်တဲ့ အဖွဲ့နဲ့ ပတ်သက်တဲ့ ကိစ္စတွေလည်း ပါ ပါတယ်။

အဲဒီအထဲမှာ သူများပြောသွားပြီးသားဖြစ်တဲ့အတွက် ကျွန်မက အခု အထူးအလေးအနက် ထားပြီးတော့ တင်ပြချင်တာကတော့ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် ဆိုတဲ့ ပုဒ်မ ၅၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်မက ဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ အထူး အလေးအနက်ထား ဆွေးနွေးချင်တာပါ။ ဒါက ဘာလဲဆိုတော့ ကျွန်မတို့ တောင်သူလယ်သမား တွေဟာ သူတို့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းမှာ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှာ တောင်သူလယ်သမား ကိုယ်စားပြု အဖွဲ့အစည်းများအား ပါဝင်ထည့်သွင်း ဖွဲ့စည်းပေးရန် ဆိုပြီးတော့ ဒါလေးကို တောင်းဆိုထားတာ ရှိပါတယ်။ အားလုံးပေါင်း သူတို့လာပြီးတော့ ဆန္ဒပြုထားတာကတော့ (၅)ချက် ရှိပါတယ်။ သို့သော်လည်း ဒါကို ကျွန်မ နည်းနည်းဆွေးနွေးချင် ပါတယ်။ ဒီမှာ အခန်း(၁)က ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)မှာ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဆိုသည်မှာ တောင်သူလယ်သမားများ ထုတ်လုပ်သော ကောက်ပဲသီးနှံများကို တိုက်ရိုက်ဝယ်ယူ ရောင်းချရန် ဗဟိုအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်လို့ ပါပြီးတော့ နောက် အခန်း(၃)၊ ပုဒ်မ ၅ မှာတော့ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်လို့ ပြောပြီးတော့ ပုဒ်မခွဲ(ခ)မှာ

တည်ဆဲဥပဒေများပါ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို တောင်သူလယ်သမားများ အမှန်တကယ် ခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းလို့ ပါ ပါတယ်။ အဲဒီအပိုဒ်ကတော့ ဒါတောင်သူလယ်သမား၏ အခွင့်အရေးဆိုတဲ့နေရာမှာ အားလုံး ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်တာ တွေရော အားလုံးပါမှာဖြစ်တဲ့အပြင် သူတို့ရဲ့ အခွင့်အရေးနဲ့ ပတ်သက်တာတွေဆိုတာ ကျွန်မတို့ အရင်တုန်းကလည်း လယ်ယာမြေဥပဒေနဲ့ နည်းဥပဒေတွေကတော့ ဒါ ကျွန်မတို့ ပြဋ္ဌာန်းပြီးလို့ အားလုံးလည်း အဲဒီအတိုင်းပဲ လိုက်နာဆောင်ရွက်နေကြပါပြီ။

သို့သော်ငြားလည်းပဲ ဥပဒေအတိုင်း ဆောင်ရွက်ပေးဖို့ နည်းနည်း အတိအကျမဖြစ်သေးတဲ့ ဟာတွေကတော့ တောင်သူလယ်သမားများ ဆန္ဒရှိနေတဲ့ အဖွဲ့အစည်းတွေဖွဲ့တဲ့အခါမှာ ရှောရှောရှူရှူ မဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒါတွေကိုလည်း အမှန်တကယ် ခံစားနိုင်ရေးအတွက် ကူညီ ဆောင်ရွက် ပေးခြင်း ဆိုတဲ့အထဲမှာ ဒါတွေဟာလည်း နောက်ကျလို့ရှိရင်တော့ နည်းဥပဒေမှာပါမလား သို့မဟုတ် ဘယ်လိုလဲဆိုတာကို ဒါကျွန်မတို့ တောင်သူလယ်သမားများ ကိုယ်စား တင်ပြတာပါ။ နောက် ဗဟိုအဖွဲ့ရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)မှာ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း ဆိုတာ ပါ ပါတယ်။ အဲဒီတော့ ဒါက ဗဟိုအဖွဲ့ကနေ ပြီးတော့ လယ်သမားတွေကို သူက လယ်သမားတွေအတွက် ဖွဲ့ပေးမှာ။ သို့သော်ငြားလည်းပဲ ဒီဖွဲ့ပေးမယ့် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ထဲမှာ သူက ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ ယင်းအဖွဲ့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ခြင်းဆိုတဲ့ အခါကျတော့ လယ်သမားတွေကတော့ ဒီကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဖွဲ့တဲ့အထဲမှာ သူတို့ တောင်သူလယ်သမားတွေနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းက ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များ အဲဒါတွေကို ပါဝင်လိုပါတယ်၊ ပါဝင်ဖို့ ဒါတောင်းဆို ပေးပါ၊ တင်ပြပေးပါလို့ မေတ္တာရပ်ခံထားပါတယ်။ အဲဒီတော့ ဒီကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းဆိုတဲ့ ပုဒ်မခွဲ(င)နဲ့ ပတ်သက်လို့ အကယ်၍များ နည်းဥပဒေထွက်ဦးမှာလား၊ သို့တည်းမဟုတ်လို့ရှိရင် ဒါကို ဗဟိုအဖွဲ့ပဲ တိုက်ရိုက် ဒီအတိုင်းပဲ ဖွဲ့သွားမှာလား။ မည်သို့ပင်ဖွဲ့သည်ဖြစ်စေ တောင်သူလယ်သမားနဲ့ ပတ်သက်တဲ့အဖွဲ့ ဒါ ကိုယ်စားပြုအဖွဲ့ ပါဖို့အတွက် ကျွန်မက တောင်းဆိုပါတယ်။ အဲဒါကတော့ ဒါ တောင်သူလယ်သမား တွေရဲ့ကိုယ်စား။

နောက်တစ်ခုကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတွင် တောင်သူလယ်သမား များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဖွဲ့စည်းခြင်းနဲ့ ယင်းအဖွဲ့၏ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း ဆိုတဲ့အခါမှာလည်း ဒေသအသီးသီးက တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့များလို့ ပြောတဲ့အတွက် တောင်သူလယ်သမား တွေကတော့ တကယ်လို့ သူတို့နဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတွေ ဖွဲ့တဲ့အခါမှာ မည်သည့်နည်းနဲ့မဆို၊ မည်သည့်အဖွဲ့တွေမဆို သူတို့ တောင်သူလယ်သမားနဲ့ ပတ်သက်တဲ့ အခက်အခဲ၊ အခြေအနေ အရပ်ရပ်ကို သူတို့က ပိုပြီးတော့ နားလည်တာဖြစ်တဲ့အတွက် သူတို့ကို အဲဒီလို အဖွဲ့တွေထဲမှာ ပါဝင်ခွင့်ပေးဖို့ ဆိုတဲ့အခါကျတော့ ဒီမှာလည်း ဗဟိုကတော့ ဖွဲ့ပေးဖို့ သတ်မှတ်ထားပါတယ်။ သို့သော်ငြားလည်းပဲ နည်းဥပဒေပဲထည့်မလား၊ ဒီအတိုင်းပဲဖွဲ့လိုက်မလားမသိဘူး။ နည်းဥပဒေ

ထည့်မယ် ဆိုလို့ရှိရင်လည်း နည်းဥပဒေတွေထဲမှာ ဒီဖွဲ့စည်းပုံမှာ တောင်သူလယ်သမားတွေကို ထည့်ပေးဖို့ ကျွန်မက အဆို တင်သွင်းချင်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၅)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)မှာ တောင်သူလယ်သမားတိုင်း ဥပဒေနှင့် အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်ဆိုပြီးတော့ ပါ ပါတယ်။ အဲဒီဟာမှာ ဥပဒေနဲ့အညီဆိုတဲ့ စကားရပ်နဲ့ပတ်သက်လို့ ဒါကျွန်မကတော့ ဖြစ်နိုင်လို့ရှိရင် ဒီဥပဒေနဲ့အညီဆိုတာလေးကို နည်းနည်းကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် တောင်သူလယ်သမားများ နားလည်အောင် အဲဒီလိုမျိုးလေး၊ ဒီထက်ပိုပြီးတော့ လွယ်ကူတဲ့ နားလည်နိုင်တဲ့ဟာနဲ့ ဖော်ပြရင်လည်း ဖော်ပြ၊ သို့မဟုတ်လို့ရှိရင်လည်း အစောကပြောသလိုပဲ နည်းဥပဒေမှာ တောင်သူလယ်သမားတိုင်း ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်ဆိုတဲ့အခါမှာ အဲဒီဥပဒေနဲ့အညီ ဆိုတာလေးတစ်ခုကိုတော့ အလေးအနက်ထားပြီးတော့ နားလည်အောင် ဆောင်ရွက်ပေးစေလိုပါတယ်။ ဖြစ်နိုင်ရင်တော့ ကျွန်မ နည်းဥပဒေတွေ ထည့်တဲ့အခါမှာ ဒီနည်းနည်းလေး ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းမဖြစ်တဲ့ စကားရပ်တွေနဲ့ ပတ်သက်လို့ နည်းနည်းပိုပြီးတော့ ရှင်းလင်းအောင် ထည့်ပြီးတော့ ပြဋ္ဌာန်းပေးပါလို့ တောင်းဆိုရင်းနဲ့ ကျွန်မ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ ပြည်သူ့လွှတ်တော်က အတည် ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ပြင်ဆင်လိုသော အကြောင်းကတော့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသည့် အခန်း(၃)၊ ပုဒ်မ ၅(ဈ) ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် တင်သွင်းထားသည့် အစီရင်ခံစာပါ ပုဒ်မ ၅(ဃ) ဖြစ်ပါတယ်။ လယ်ယာမြေထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင်တင်ပြခွင့် ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်းဆိုသောအပိုဒ်တွင် ပြည်တွင်း၌ ဥပဒေနှင့်အညီ လွတ်လပ်စွာ သယ်ယူရောင်းချ ခွင့်လို့ ပြင်လိုပါတယ်။ ဥပဒေနှင့်အညီ ဆိုသည့် စကားရပ် မပါခဲ့ရင် ဥပမာ - မကွေးတိုင်းဒေသကြီးမှ နွားများကို ကရင်ပြည်နယ် သယ်လာပြီး တရားမဝင် တောလမ်းကနေ တစ်ဖက်နိုင်ငံကို မှောင်ခိုနွား အဖြစ်နဲ့ ရောက်သွားရင် ကျွန်တော်တို့နိုင်ငံ လယ်ယာသုံးနွားများ ကုန်သွားမှာဖြစ်သလို နိုင်ငံအတွက် အခွန်အကောက်များလည်း မရဖြစ်သွားပါမယ်။ မကြာခဏ နွားမှောင်ခို ဒေသကျော်လွန် သယ်ဆောင် မှုများ ဖမ်းနေတဲ့ကြားကနေ အခုလည်း တရားမဝင် ခိုးသယ်ဆောင် ရောင်းချနေတာတွေ ရှိပါတယ်။ ဒါကြောင့် ဥပဒေနဲ့အညီဆိုတဲ့ စကားရပ်ကို ထည့်ပေးပါရန် တင်ပြအပ်ပါတယ်။

ဒုတိယပြင်ဆင်လိုတဲ့အချက်ကတော့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်း အခန်း(၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)နဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် တင်ပြသည့် ပုဒ်မ ၇၊ က တွင် နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိလယ်ယာမြေ ကို ဆိုသည့် စကားရပ်ကို လယ်မြေဆိုသည့် စကားရပ်နဲ့ ပြင်ဆင်ပြီး လယ်မြေပေါ်တွင် မိမိကြိုက်နှစ်သက်သည့် သီးနှံကို ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်ဟု ပြင်ဆင်ပေးရန် ဖြစ်ပါတယ်။ အဲဒီလို မဟုတ်ဘူးဆိုလို့ရှိရင်တော့ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်လို့ ပြင်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၂၈(က)(ခ)အရ ကိုက်ညီစေရန် ဖြစ်ပါတယ်။ လယ်ယာမြေ ဥပဒေ ပုဒ်မ ၂၈(က)(ခ) မှာ မူလ စိုက်ပျိုးထားရှိသည့် သီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစား သို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နဲ့ စပ်လျဥ်း၍ (က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှု မရှိစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လယ်မြေတွင် အခြားသီးနှံ စိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြု နိုင်သည်။ (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် သီးနှံပြောင်းလဲစိုက်ပျိုးရန် ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုနိုင်သည် လို့ ပါရှိပါတယ်။

လယ်မြေနဲ့ လယ်ယာမြေရဲ့ အဓိပ္ပာယ်ကွဲလွဲပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဓိက စားသုံးသီးနှံဖြစ်တဲ့ ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲဆိုတဲ့ စကားရပ်နဲ့ ကိုက်ညီဖို့အတွက်က လယ်မြေဖြစ်ပါတယ်။ မိမိတို့ လယ်ယာမြေတွေပေါ်မှာတော့ မိမိတို့ ကြိုက်နှစ်သက်တဲ့ သီးနှံကို ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်ရှိတာ ဖြစ်တဲ့အတွက် ဥပဒေနှစ်ရပ် ပြဋ္ဌာန်းချက်များ ကိုက်ညီစေရန်နဲ့ ဒီပြဋ္ဌာန်းချက်နဲ့ ပတ်သက်ပြီး တောင်သူလယ်သမားအတွက် လွတ်လပ်စွာစိုက်ပျိုးခွင့် မဆုံးရှုံးစေချင်လို့ ဒီအချက်ကို ပြင်ပေးပါရန် တင်ပြလိုပါတယ်။ တတိယ ပြင်ဆင်လိုတဲ့အချက် ကတော့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ အခန်း(၄)၊ ပုဒ်မ ၈၊ အပိုဒ်ခွဲ(ဂ)နဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်သည့် အစီရင်ခံစာအပိုဒ်(၈)(ဂ)တို့တွင် ဖော်ပြထားသည့် လယ်ယာထုတ်ကုန်များကို ဥပဒေနဲ့ အညီ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်ဟု ဥပဒေနဲ့ အညီဟူသော စကားရပ်ကို ထည့်ပေးဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေကြမ်း အခန်း(၆)၊ အပိုဒ်(၁၉)၊ အပိုဒ်ခွဲ(ဃ)တွင်လည်း ဥပဒေနဲ့အညီ သယ်ဆောင်ခွင့်လို့လည်း ထပ်မံပါရှိ ထားတာလည်း ဖြစ်ပါတယ်။

ဥပဒေနဲ့အညီဆိုတဲ့ စကားရပ်က အင်မတန်မှ အရေးကြီးပါတယ်။ ဥပဒေနဲ့အညီ ဆိုတဲ့ စကားရပ် မပါဘူးဆိုလို့ရှိရင် ခုနက မကွေးတိုင်းဒေသကြီးက ဦးလှဆွေ ဆွေးနွေးသွားသလို မူးယစ် ဆေးဝါး၊ ဆေးခြောက်ပင်တွေ စိုက်ပြီးတော့မှ သယ်ယူရောင်းချခွင့်ကို လွတ်လွတ်လပ်လပ် လုပ်ဆောင် သွားမယ့် အနေအထားမျိုးရှိတယ်ဆိုရင် ကျွန်တော်တို့ ဥပဒေရဲ့ အကျိုးသက်ရောက်မှုဟာ လွဲမှားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကိုတော့ ထည့်သွင်းပေးဖို့ တင်ပြလိုပါတယ်။ နောက်တစ်ခုက ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် (၁၆)မိနစ်စာ ပြုစုထားပါတယ်။ ယခု ရတဲ့အချိန် နည်းတဲ့အတွက် အတိုချုံးပြီးပဲ ကျွန်တော် ထပ်ပြီးတင်ပြပါမယ်။ ဒါကြောင့် ကျွန်တော် နိဂုံးချုပ်ပါမယ်။

C:\Users\user\Desktop\meeting\ပထမအ□ကိမ□ အမ်□ိးသားလ□တ□တော□ သတ□မပုံမှန□အစည□းအေဝး မှတ္တမ□းမ်ား\8-2013\23-8-2013(25th) Meeting\23-8-2013 (25th) Meeting.docx

ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဥပဒေကြမ်းမှာ မပါသေးတဲ့အချက်ဖြစ်တဲ့ ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကိစ္စရပ်များကို အကာအကွယ်ပေးပြီး ကူညီဖြေရှင်းပေးနိုင်မယ့် စစ်မှန်တဲ့ ပြည်သူကို စာနာထောက်ထားသော အဖွဲ့အစည်းတစ်ရပ်၊ အနည်းဆုံး မြို့နယ်အဆင့်တွင် ဖွဲ့စည်းပေးသင့်ပါတယ်။ အဲဒါကို ဥပဒေကြမ်းကော်မတီက နေပြီးတော့မှ ဥပဒေကြမ်းထဲမှာ မည်ကဲ့သို့ ထည့်သွင်းပေးရမယ်ဆိုတဲ့ဟာကို စဥ်းစားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်သူလယ်သမား၊ ကျွန်တော်တို့ ရွာသူ/ရွာသားများဟာ ပြည်နယ်အဆင့်ကိုလည်း မတက်ရဲပါဘူး။ တိုင်းဒေသကြီးကိုလည်း မပြောရဲပါဘူး။ ဗဟိုအဖွဲ့ကိုလည်း ကျွန်တော်တို့ ဦးဆောင်အဖွဲ့ကိုလည်း မပြောရဲပါဘူး။ သူတို့ပြောရဲတာ သူတို့နဲ့ အနီးစပ်ဆုံးမှာရှိတဲ့ မြို့နယ်မှာရှိတဲ့ ပုဂ္ဂိုလ်များကိုသာ ပြောနိုင်တဲ့အတွက် ဒီအချက်ကိုလည်း ထည့်သွင်းစဥ်းစားပေးပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အချက်အနည်းငယ် ဆွေးနွေးပါမယ်။

ပထမအချက်အနေနဲ့ကတော့ တောင်သူလယ်သမား စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ဒေသနဲ့လျော်ညီတဲ့ အထွက်နှုန်းကောင်းမွန်တဲ့ အရည်အချင်းပြည့်ဝတဲ့ မျိုးကောင်းမျိုးစေ့၊ မျိုးသန့်အပင်ပေါက်၊ သားပေါက်များကို ထည့်သွင်းစိုက်ပျိုးဖို့အတွက် ပထမအချက် တင်ပြပါမယ်။ ဘာဖြစ်လဲဆိုတော့ ကျွန်တော့်အနေနဲ့ ယခု နေပြည်တော်မှာကတော့ ခေတ်စားနေတာက ပုလဲသွယ်၊ ဒါပေမဲ့ လက်ရှိတောင်သူလယ်သမားတွေရဲ့ ဒေသမှာတော့ တချို့ဒေသမှာ ရွှေဘိုခွန်နီ၊ တချို့ဒေသမှာ ကျွန်တော်တို့ ဆင်းရွှေလှ ဒီလိုအမျိုးအစားတွေနဲ့ သူ့သက်ဆိုင်ရာ တိုင်း/ဒေသက ကြိုက်တဲ့မျိုးကို မျိုးကောင်းမျိုးသန့်ရွေးချယ်ပြီးတော့ စိုက်ပျိုးသင့်ပါတယ်။

နောက်ပြီးရင် မျိုးကောင်းမျိုးသန့် များဟာလည်း ခုနကလိုပေါ့ ကမ္ဘာနဲ့ယှဥ်ပြီးတော့ ကမ္ဘာကနေပြီး ကြိုက်တဲ့မျိုး၊ ဥပမာ ရုရှားတို့၊ ကျွန်တော်တို့ မက်ကာဒေးမီးယားတို့၊ အာဖရိကတို့ ဒီလို တိုင်းပြည်ကလည်း ကြိုက်တဲ့ မျိုးစပါးတွေကိုလည်း ခုနလိုပဲ ဒါကို စမ်းသပ်ပြီးတော့၊ စိုက်ပျိုးပြီးတော့ မျိုးတွေ ရှာထားဖို့ လိုပါတယ်။ ဘာဖြစ်လို့ သူတို့ လိုတဲ့အခါကျမှ ကျွန်တော်တို့ ဒီကနေစိုက်တာထက် နဂိုကတည်းက သူတို့လိုချင်တဲ့ အမျိုးအစားကို ကြိုတင်ပြီး စုဆောင်းပြုထားမှ ခုနလိုပေါ့၊ ဒါ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါ ပထမအချက်။ ဒုတိယအချက်အနေနဲ့ တင်ပြချင်တာကတော့

ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ လယ်သမားများ သုံးစွဲနေတဲ့ တင်း၊ တောင်း၊ ကတ္တား၊ အချိန်အတွယ်တွေကို တစ်ပြေးညီ ခုနလိုပေါ့ ကတ္တားဆိုလို့ရှိရင်လည်း ခုနလို ပေါင်၊ ကီလို၊ ဒါမှ မဟုတ်ရင်လည်း တင်း၊ တောင်း ဒါတွေကို စနစ်တကျ တစ်ပြေးညီ ခုနလို ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။ အရေးကြီးတာက တောင်သူလယ်သမားတွေက ကတ္တားဆိုရင် သိပ်သိတာ မဟုတ်ဘူး။ ခုနလိုပေါ့ သူ့ တင်း၊ တောင်း ဆိုလို့ရှိရင် သူ့ဒေသအလိုက် ဒါလေးရှိကြပါတယ်။ ဒါတွေကို တစ်ပြေးညီဖြစ်အောင် ဒုတိယအချက်အနေနဲ့ တင်ပြလိုပါတယ်။

တတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ဒါ ခုနလို ကျွန်တော်တို့ ဦးစီးကော်မတီ ဖွဲ့သင့်တယ်ဆိုတာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှာလည်း ဒါရေးဆွဲထားပြီးပါပြီ။ ဒါကို ကျွန်တော်တို့က ပြည့်စုံအောင် ကျွန်တော်တို့ အထက်က ဗဟို၊ ပြည်နယ်နဲ့တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအထိကို ဒါ ဖွဲ့စည်းသင့်ပါကြောင်း ဒါ ခုနလို ဥပဒေမှာ ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ပါမှသာ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာဖွဲ့သလို ဒေသခံများကလည်း သူ့ရဲ့ ယုံကြည်စိတ်ချတဲ့၊ လေးစားသမှုပြုတဲ့ လူပုဂ္ဂိုလ်များ ပါဝင်နိုင်မှ ပြောရေးဆိုခွင့်ရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက နံပါတ်(၄)ချက် တင်ပြလိုတာကတော့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးသွင်းအားစုများကို ကျွန်တော်တို့ ဒီကနေ ကူညီပံ့ပိုးနေသည့်အပိုင်းမှာ နံပါတ်(၁)က အရည်အသွေးပြည့်မီတဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး တို့ကို စစ်ဆေးတဲ့ ပညာရှင်အဖွဲ့ တစ်ဖွဲ့ကို မြို့နယ်၊ ခရိုင်၊ တိုင်း ဒီလိုအထိကို ဒါစစ်ဆေးတဲ့အဖွဲ့ကို ပညာရှင်တွေကို ဖွဲ့စည်းထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ အဲဒီ စစ်ဆေးချက် အဖွဲ့ရဲ့ လက်မှတ်နဲ့ ထုတ်ပေးပြီးတော့မှ ဒါက အရည်အချင်းပြည့်ဝတဲ့ မြေသြဇာ၊ ဒါ အရည်အချင်း ပြည့်ဝတဲ့ ဒါ ပိုးသတ်ဆေး၊ ဒီလိုမှ နို့မို့ဆိုလို့ရှိရင် အရည်အသွေးမပြည့်ဘူးဆိုလို့ရှိရင်တော့ ဒါ တောင်သူလယ်သမားတွေအတွက် နစ်နာပါတယ်။ နောက်တစ်ခုက နံပါတ်(၅)အချက်နဲ့ တင်ပြလိုတာကတော့ တကယ် တောင်သူလယ်သမားအကျိုး လုပ်ဆောင်မယ်ဆိုလိုရှိရင် ကျွန်တော်တို့ လက်ရှိ ဝန်ထမ်းအဆင့်နဲ့ မလုံလောက်ပါဘူး။ တကယ်စေတနာမှန် ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင် ဒီလိုအဖွဲ့ကလေးတွေ ခုနလိုပေါ့ မြို့နယ်အဆင့်မှာဆိုလို့ရှိရင် ဒါက မြို့ဂျာ၊ ကျေးရွာမှာဆိုရင် ကျေးလက်မန်နေဂျာ အရင်က ကျေးလက်ကြီးပွားရေးမှူးပေါ့။ အဲဒီတော့ ဒီအဖွဲ့တွေကို ကျွန်တော်တို့က တိုးမြှင့်ခန့်ထားပြီးတော့ တကယ်ကို ခုနလို စိတ်ပါလက်ပါနဲ့ လုပ်နိုင်မယ့်လူကို ခန့်ထားပေးဖို့၊ တာဝန်ပေးဖို့ လိုအပ်ပါတယ်။

ကျေးဂျာဆိုတဲ့သူက ရွာကိုမဆင်းပဲ ခုနကလို သူ့အိမ်မှာပဲသူ အိပ်နေရင်တော့ ဘယ်တော့မှ တောင်သူလယ်သမား ကြီးပွားမှာမဟုတ်ဘူး။ ဒါကို ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါကိုလည်း ဖိဖိစီးစီးနဲ့ လုပ်ဆောင်နိုင်မှသာ ဒါ ဖြစ်မှာဖြစ်ပါတယ်။ နံပါတ်(၆)အချက် တင်ပြလိုတာကတော့ နံပါတ်(၁)က လက်ရှိ ဒီ ကျွန်တော်တို့ လက်ရှိ နေပြည်တော်မှာ စုပေါင်းလယ်ယာစနစ် (Collected Farming) ခုနလို လက်မှုလယ်ယာကနေ စက်မှုလယ်ယာပြောင်းတယ်။ အဲဒီလို ပြောင်းတဲ့အခါမှာ ကျွန်တော်တို့က ဘာလိုလဲဆိုတော့ တစ်ပြေးညီ ပြည်နယ်နှင့် တိုင်းမှာလည်း နောင်တစ်ချိန်မှာတို့ စီမံကိန်းတွေ ထားရှိရမယ်။ အခုမရပေမယ့် နောင်လာမယ့် (၁၀)နှစ်၊ (၁၅)နှစ်မှာ စက်မှုလယ်ယာစနစ်ကို သွားတဲ့အခါမှာ နံပါတ်(၁) ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကလည်း အခု

ကတည်းက ကြိုပြီးတော့ ပြည်နယ်တွေမှာ ဧက(၁၀၀)၊ ဧက(၂၀၀)၊ ဧက(၅၀၀)၊ ဧက(၁၀၀၀) ဒီလို လုပ်ကွက်တွေကို ကြိုပြီးတော့၊ ရှာမှီးပြီးတော့ ယူထားရမယ်။ ဒါပြီးတော့ စီမံချက်တွေ ရေးဆွဲရမယ်။ စီမံကိန်းတွေ ရေးဆွဲထားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နောင်တစ်ချိန်မှာ တကယ့် Farming Investment လာပြီဆိုလို့ရှိရင် ဘယ်နေရာကတော့၊ ဘယ်လိုရှိတယ်။ ရာသီဥတု ဘယ်လိုရှိတယ်။ ဘယ်လို အခြေအနေရှိတယ်။ နိုင်ငံခြားက စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းက လာရင် ဒါကို အဆင့်သင့် ဒါကို ချပြနိုင်တဲ့ အနေအထားရှိဖို့အတွက် နိုင်ငံတော်အတွက် ဒါကရေရှည် ခုနလိုပေါ့ ဥပဒေမှာ ပြဋ္ဌာန်းသင့်ပါတယ်။ နောက်တစ်ဖက်ကလည်း ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ Collected Farming ကို ကြိုပြင်ထားဖို့ပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘာပဲပြောပြော တစ်ချိန်ချိန်မှာ မကြာသောအချိန်မှာ ပြည်တွင်းငြိမ်းချမ်းရေး ရကို ရ ရမယ်။ အဲဒီ ပြည်တွင်းငြိမ်းချမ်းရေး ရတဲ့ အခါမှာ အဲဒီ ဝင်လာမယ့်သူတွေ လက်ရှိလူတွေကို ဘယ်လိုနေရာ ချထားပေးရမှာလဲ၊ ဒီလယ်ယာ (Farming) ကြီးတွေမှာ စနစ်တကျနဲ့ လယ်ထွန်တတ်အောင်၊ မွေးမြူတတ်အောင် လက်ရှိ ကြိုတင် ပြီးတော့ ဒီလိုဟာမျိုး စီမံကိန်းတွေ ထားရမယ်။ အဲဒီလို ထားပါမှသာ နောင်တစ်ချိန်မှာ ပေါ်လာမယ့် ပြဿနာတွေကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ နောက်ဆုံးအချက်အနေတဲ့ တင်ပြချင်တာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်း စိစစ်ချက်ကို လေ့လာပြီးတော့ ကျွန်တော် ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အပြည့်အဝ ထောက်ခံ တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ) (၁)မှာ မြေကို အသုံးပြု၍သော်လည်းကောင်း ဆိုပြီး ရေးထားတာ တွေ့ရပါတယ်။ (၂)တို့၊ (၃)တို့၊ (၄) တို့မှာလည်း မြေ၊ မြေဆိုတာ ပါ ပါတယ်။ ဒီ မြေတစ်ခုတည်း ဆိုရင် ပြည်ပက စီးပွားရေးသမားတွေကလာ ပူးပေါင်းပြီးတော့ လယ်သမား မဟုတ်ဘဲနဲ့ အခွင့်အရေး ယူသွားမှာ စိုးရိမ်စရာ ရှိပါတယ်။ အဲဒီအတွက်ကြောင့် အဲဒီ မြေရှင်က မိမိလုပ်ပိုင်ခွင့်ရှိသော ဆိုတဲ့ စကားရပ်ကို ကျွန်တော် ထည့်ချင်ပါတယ်။ ပြီးတော့ အဲဒီ(ဃ)မှာပဲ (၄)ကို ဖြုတ်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ (၄)အပေါ်က (၁)တို့၊ (၂)တို့၊ (၃)တို့မှာ အကုန်လုံး အဲဒီသဘောတွေက ပါပြီး

ဖြစ်ပါတယ်။ အဲဒီ အရှေ့ကို ကြည့်လိုက်တာနဲ့ ဒါ လယ်သမားဆိုတာ အကုန်လုံး သိပါတယ်။ နံပါတ်(၄)ဟာ အပိုဖြစ်နေပါတယ်။ အဲဒီ(၄)ကို ပြင်ပက စီးပွားရေးသမားတွေက အခွင့်အရေးယူပြီးတော့ အသုံးချသွားနိုင်တာ ရှိပါတယ်။ အဲဒါလေးကို ဖြုတ်ချင်ပါတယ်။

နောက် အခန်း(၁) ပုဒ်မ ၂ မှာ အဓိပ္ပာယ် သတ်မှတ်ချက် နောက်တစ်ခု ထည့်ချင်ပါတယ်။ လယ်ယာမြေဆိုတဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ပါ လယ်သမားကာကွယ်ရေး ဥပဒေမှာ လယ်သမားနဲ့ဆိုင်တဲ့ လယ်ယာမြေစကားရပ် ပါနေဖို့ အရေးကြီးပါတယ်။ ဒီ ဥပဒေကြမ်းမှာပဲ (၄)ကြိမ် ပါနေတာ တွေ့ရပါတယ်။ လယ်ယာမြေ၊ လယ်မြေ၊ မြေ(၃)မျိုးဟာ အဓိပ္ပာယ်ချင်း မတူပါဘူး။ အဲဒါကြောင့် ယခင် လယ်ယာမြေ ဥပဒေက အဲဒီ လယ်ယာမြေဆိုတဲ့ စကားရပ်ကို သုံးပြီးတော့ ဒီ ဥပဒေမှာ ထည့်ဖို့ လိုအပ်ပါတယ်။ စာမျက်နှာ(၇)၊ အခန်း(၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)မှာ စိုက်ပျိုးထွက်ရှိသော သီးနှံများကို လွတ်လပ်စွာ သယ်ယူရောင်းချခွင့် ဆိုပြီးတော့ ပါရှိပါတယ်။ ဆိုတော့ မွေးမြူရေးသမားအတွက် မပါပဲ ဖြစ်နေပါတယ်။ အဲဒါကြောင့် မွေးမြူရေးထွက်ကုန် ဆိုတဲ့ စကားရပ်ကို ထည့်ပေးရမှာ ဖြစ်ပါတယ်။ ဆက်ပြီး ပုဒ်မခွဲ(စ)မှာ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း ဆိုပြီး ပါ ပါတယ်။ ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ သဘာဝဘေးအန္တရာယ် မဟုတ်ဘဲနဲ့ နေ့စဥ်နေ့တိုင်း ဒီရေ ရောက်နေတာ ရှိပါတယ်။ ရေထဲကဆိုရင် အဲဒီပင်လယ်ဆားငန်ရေတွေက လယ်ရဲ့မျက်နှာပြင်ထက် အများကြီးမြင့်နေတာ ရှိပါတယ်။ မိုးကျလို့ လယ်စိုက်ကာနီးဆိုရင် လယ်သမားတွေက အဲဒီ တာတမံတွေကို နှစ်စဥ်နှစ်တိုင်း ဆည်ဖို့ရပါတယ်။ အဲဒါက အဲဒီအပိုင်းမှာပါတဲ့ သဘာဝဘေးအန္တရာယ်နဲ့ မလုံလောက်ပါဘူး။ အဲဒါကြောင့် ပုဒ်မခွဲ(ဆ)အဖြစ် ဆားငန်ရေ ပုံမှန်ဝင်ရောက်နေသော လယ်မြေများကို တာတမံဆည်ပြီး ကာကွယ်ပေးရမယ်လို့ ထည့်သင့်ပါတယ်။ နောက်ပြီးတော့ စာမျက်နှာ(၇) အခန်း(၄)မှာပဲ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေး၊ စောင့်ရှောက်ခြင်းနှင့် အကျိုးစီးပွား မြှင့်တင်ခြင်း ဆိုတဲ့ ခေါင်းစဥ် ပါရှိ ပါတယ်။ အကျိုးစီးပွားမြှင့်တင်ခြင်း၊ ပံ့ပိုးကူညီခြင်းတွေက များနေပါတယ်။ ကာကွယ်တာက စုစုပေါင်း အချက်(၁၁)ချက်မှာ တစ်ချက်ကလေးပဲ ပါ ပါတယ်။ အဲဒါကြောင့် ကာကွယ်တဲ့ အချက်တစ်ခုကို နောက်ထပ်ထည့်ချင်ပါတယ်။

မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ နိုင်ငံခြားမှ စိုက်ပျိုး၊ မွေးမြူထုတ်ကုန်များ သွင်းယူခြင်းဖြင့် ဖြစ်စေ၊ ပြည်တွင်းမှ သိုလှောင်ထားသော အရန်ဆန်သီးနှံများကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးခြင်း ဖြစ်စေ၊ တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များ ဈေးကျအောင် ပြုလုပ်ခြင်းမှ ကာကွယ်ပေးရမယ်ဆိုတဲ့ အပိုဒ်ကို ထည့်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး စာမျက်နှာ(၈)က အခန်း(၅)၊ ပုဒ်မ ၁၇ မှာ စိုက်ပျိုးရာသီမတိုင်မီဆိုတဲ့ စကားရပ် ပါ ပါတယ်။ မွေးမြူရေးသမားတွေဟာလည်း ရာသီနဲ့လိုက်ပြီး မွေးရတာတွေ ရှိပါတယ်။ ဘဲတို့၊ ငါးတို့၊ ပုစွန်တို့ဆိုတာ၊ အဲဒါကြောင့် မွေးမြူရေးရာသီ မတိုင်မီဆိုတဲ့ စကားရပ်ကိုလည်း ထည့်ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၈။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော် ပါဝင်ဆွေးနွေးမယ့် ဥပဒေမှာ ကျွန်တော် ဆွေးနွေးမယ့် အချက်ကတော့ (၄)ချက်ရှိပါတယ်။ ပထမတစ်အချက်ကတော့ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ပါ။ ဥပဒေရဲ့ ရည်ရွယ်ချက်မှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဆိုတာနဲ့အညီ တောင်သူလယ်သမားတွေ လက်ရှိ၊ လက်တွေ့ဘဝမှာ အကျိုးစီးပွားဖြစ်ထွန်း နိုင်မယ့် အခွင့်အရေး၊ အခွင့်အလမ်းနဲ့ သူတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို မနစ်နာ၊ မဆုံးရှုံး ရလေအောင် ကာကွယ်ပေးနိုင်မယ့် ဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လို့ ကျွန်တော် ယူဆ ပါတယ်။ ခုအချိန်မှာ ဒေသခံတောင်သူလယ်သမားတွေရဲ့ လယ်ယာမြေ လက်လွတ်ဆုံးရှုံးနေရတဲ့ နိုင်ငံသား အများစုဖြစ်တဲ့ တောင်သူလယ်သမားတွေကို ဆင်းရဲနွမ်းပါးမှု နွံအတွင်းကို ပို၍ကျဆင်း သွားစေခြင်းမျိုး မဖြစ်စေဖို့အတွက် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးဟာ အရေးကြီးတဲ့ ဥပဒေလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ အခြေခံဥပဒေ ပုဒ်မ ၂၃ အရ၊ အလွန်အရေးကြီးတဲ့ ဥပဒေ ဖြစ်ပါတယ်။

နောက်တစ်ခါ အခြေခံဥပဒေပုဒ်မ ၂၁(ဃ)နဲ့ ၃၅၆ အရ၊ တောင်သူလယ်သမားရဲ့ အခွင့် အရေးတွေကို ထိရောက်ခိုင်မာတဲ့ ဥပဒေပြဋ္ဌာန်းပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဥပဒေ ရဲ့ ရည်ရွယ်ချက်မှာ ပါတဲ့အတိုင်း ကျေးလက်ဒေသ အများစုမှာ ရှိနေတဲ့ (၇၀)ရာခိုင်နှုန်းနဲ့ လယ်သမား အများစုဟာ သူဟာ လုပ်ကွက်ငယ် တောင်သူလယ်သမားတွေ ဖြစ်တယ်။ လုပ်ကွက် (၁၀) ဧက မကျော်တဲ့ တောင်သူလယ်သမားတွေက အများစု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ဥပဒေကြမ်းရဲ့ အခန်း(၂)၊ ပုဒ်မ ၃(က) ရည်ရွယ်ချက်မှာ ဖော်ပြထားတဲ့ လုပ်ကွက်ငယ်တောင်သူလယ်သမားများရဲ့ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ရန် ဆိုတဲ့ ဦးတည်ချက် ကို၊ ရည်ရွယ်ချက်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ အညီ လုပ်ကွက်ငယ် တောင်သူလယ်သမားများရဲ့ အဓိပ္ပာယ်ကို တိတိကျကျဖော်ပြဖို့ လိုအပ်ပါတယ်လို့လည်း တင်ပြ ဆွေးနွေးလိုပါတယ်။

နံပါတ်(၂)အချက်အနေနဲ့ ဥပဒေမှာ ပူးပေါင်းပါဝင်နိုင်မှုကို အခန်း(၃)၊ ပုဒ်မ ၄ မှာ ဖော်ပြ ထားတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အဲဒီမှာ ဖော်ပြထားရာမှာ တောင်သူလယ်သမားကိုယ်စားလှယ်တွေ ပါဝင်နိုင်ဖို့ ထည့်ပေးထားတဲ့ အချက်ကို ထောက်ခံပါတယ်။ ဒါပေမဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေက တိုင်းရင်းသားလယ်သမားတွေကို ကိုယ်စားပြုနိုင်မယ့် တောင်သူလယ်သမားတွေ ပါဝင်နိုင်ဖို့ အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များလို့ ဖြည့်စွက် ပြဋ္ဌာန်းချင်ပါတယ်။ ဥပဒေထဲမှာ ဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလုပ်ငန်းတွေ၊ အဖွဲ့တွေ ဖွဲ့ပေးတဲ့အချက်ကိုတော့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဦးဆောင်အဖွဲ့မှာလည်း ပါဝင်သင့် တယ် ထင်တဲ့အတွက် ထည့်သွင်းပေးစေလိုပါကြောင်း တင်ပြလိုပါတယ်။

နံပါတ်(၃)အချက်အနေနဲ့ တောင်သူလယ်သမားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးလိုပါတယ်။ ခုနက ဒီဥပဒေရဲ့ ရည်ရွယ်ချက်မှာ ပါခဲ့တဲ့အတိုင်းပဲ ဥပဒေကြမ်းအခန်း(၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)မှာ ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်အတိုင်း ပုဒ်မ ၁၀ မှာလည်း၊ ဒီ လုပ်ကွက်ငယ်

တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကို ဦးစားပေး ကူညီဆောင်ရွက်မှာလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော် ထပ်ဖြည့်ချင်တာတော့ လုပ်ကွက်ငယ်တောင်သူလယ်သမားများရဲ့ အခွင့်အရေး ကာကွယ်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ရမည် ဆိုတဲ့အချက်ကို ထပ်ဖြည့်ချင်ပါတယ်။ ဒါ ဥပဒေရဲ့ ရည်ရွယ်ချက်အတိုင်း ထပ်ဖြည့်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဆောင်အဖွဲ့ရဲ့ လုပ်ဆောင်ရမယ့် တာဝန်တွေကို ဖော်ပြတဲ့ နေရာမှာ အခန်း(၃)မှာ အခန်း(၄)၊ အခန်း(၅)၊ အခန်း(၆)တွေမှာလည်း ဖော်ပြထားပါတယ်။ အခန်း(၄)မှာ တောင်သူလယ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးဖြစ်သော်လည်းပဲ ပုဒ်မ ၉ ရဲ့ ပြဋ္ဌာန်းချက်တွေ ဟာ ဦးဆောင်အဖွဲ့ရဲ့ လုပ်ဆောင်ပေးရမယ့် တာဝန်တွေဖြစ်နေတာကို တွေ့ရပါတယ်။ ဦးဆောင်အဖွဲ့ရဲ့ တာဝန်တွေကို သီးသန့်အခန်းသတ်သတ် တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးတွေကို သီးသန့် အခန်း သတ်သတ်ခွဲပြီး ပြဋ္ဌာန်းပေးရင် ဒီဥပဒေရဲ့ ပြဋ္ဌာန်းချက်က ပိုမိုပီပြင်မယ်လို့ မြင်ပါတယ်။

နောက်ပြီးတော့ ဒီတောင်သူလယ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေမှာ ဒီဈေးငွေနဲ့ ပတ်သက်ပြီးတော့လည်း လုပ်ဆောင်ပေးနိုင်ဖို့လည်း ပြဋ္ဌာန်းထားတာတွေ တွေ့ရတဲ့ အတွက် ထောက်ခံပါတယ်။ နောက်တစ်ခါ တောင်သူလယ်သမားတွေရဲ့ သီးနှံတွေကို လွတ်လပ်စွာ သယ်ယူခွင့်၊ ရောင်းချခွင့်တွေအပြင် သွင်းအားစုတွေနဲ့ ပတ်သက်ပြီးတော့ အကူအညီပေးမယ့် အချက်အလက်တွေကိုလည်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ဒီတောင်သူ လယ်သမားတွေမှာ အဓိကလိုအပ်နေတဲ့ စိုက်ပျိုးရေ လုံလောက်စွာ သုံးစွဲနိုင်ခွင့်ဆိုတဲ့ အခွင့်အရေး တစ်ခု ကျန်ရှိနေတယ်လို့ မြင်ပါတယ်။ စိုက်ပျိုးရေကို လုံလောက်စွာ မရရှိခြင်းဟာ လက်တွေ့ စိုက်ပျိုး နေတဲ့ တောင်သူလယ်သမားတွေရဲ့ တကယ့်လိုအပ်တဲ့ အင်မတန်အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ဒါကိုလည်း ထည့်သွင်းပေးရန် တင်ပြအပ်ပါတယ်။ ဒ့ါအပြင် ပုဒ်မ ၉(ခ)မှာ တောင်သူ လယ်သမားများ လိုအပ်တဲ့ သွင်းအားစုများ ရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲ ဥပဒေများနဲ့အညီ ခံစားရရှိစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးရမည် ဆိုတဲ့ ပြဋ္ဌာန်းချက်မှာ မြေယာနဲ့သက်ဆိုင်သောဆိုတဲ့ စကားလုံးဟာ မလိုအပ်တာကို တွေ့ရပါတယ်။ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို ရှုပ်ထွေးစေတယ်လို့ ယူဆပါတယ်။ တည်ဆဲဥပဒေများအရ ဆိုတာနဲ့တင် ပြည့်စုံလုံလောက်တဲ့ အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့်ဆိုတဲ့ စကားလုံးမှာလည်းပဲ အဲဒီအစား တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိ စေရေးအတွက်လို့ ပြင်ဆင်လိုပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက်တစ်ခါ တောင်သူလယ်သမားများရဲ့ ရရှိသင့်တဲ့ အခွင့်အရေးမှာ ဒီဈေးကွက်ကို သူတို့ရဲ့ထုတ်ကုန်တွေ အချိန်မီရောက်ရှိနိုင်ဖို့ဆိုတဲ့အချက် တစ်ချက်လည်း လိုအပ်မယ်လို့ ထင်ပါ တယ်။ ဒီဈေးကွက်ကို အချိန်မီ ရောက်ရှိဖို့အတွက် သူတို့ တောင်သူလယ်သမားတွေရဲ့ သူတို့ရဲ့ ထွက်ကုန်တွေကို ပို့ပေးနိုင်မယ့် ဒီ ထုတ်ကုန်လမ်းတွေ ဒါကိုလည်း အကောင်အထည်ဖော်ပေးဖို့ လိုအပ်တယ်ဆိုတဲ့ အကြောင်းနဲ့ ဒီဥပဒေမှာလည်း ပြဋ္ဌာန်းပေးသင့်တယ်လို့ ယူဆတဲ့အတွက်ကြောင့် မို့လို့ ဒါကိုလည်း ဆွေးနွေးတင်ပြအပ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတောင်သူလယ်သမားတွေရဲ့ အခွင့်အရေး ဆုံးရှုံးမှုတွေနဲ့ ပတ်သက်ပြီးတော့ ပြစ်မှုပြစ်ဒဏ်အခန်းမှာ ပြဋ္ဌာန်းပေးသင့်တယ်လို့ ထင်မြင်တဲ့ အတွက်ကြောင့်မို့လို့ ဒါကို ဆွေးနွေးပါမယ်။ လက်တွေ့ဘဝနယ်ပယ်မှာ တောင်သူလယ်သမားတွေ အမှန်တကယ် ခံစားနေကြရတဲ့ ဆုံးရှုံးမှုတွေ ရှိနေပါတယ်။ မမှန်ကန်တဲ့စီမံကိန်းနဲ့ အချို့တာဝန်ရှိ ပုဂ္ဂိုလ်တွေရဲ့ လွဲမှားလုပ်ဆောင်မှုတွေကြောင့် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားတွေကို ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတာ မိမိကိုယ်ပိုင် လုပ်ခွင့်ရထားတဲ့ လယ်ယာမြေတွေ လက်လွှတ်ဆုံးရှုံးခဲ့ ရတာတွေကို သင်ခန်းစာယူပြီး ဒါတွေကို ဆက်လက်မဖြစ်ပေါ်အောင် ကာကွယ်တားဆီးပေးနိုင်မယ့် ဥပဒေတစ်ရပ် အမှန်တကယ် လိုအပ်နေပါတယ်။ မအောင်မြင်တဲ့စီမံကိန်းတွေကြောင့် ဆုံးရှုံးခဲ့ရတာ မျိုးမမှန်တဲ့ မျိုးစေ့များကို ဖြန့်ဖြူးပေးခဲ့လို့ ဆုံးရှုံးခဲ့ရတာ ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်ကြီး ဦးလှဆွေ ဆွေးနွေးသွားတာလည်း အတော်ကောင်းပါတယ်။ ကျွန်တော်တို့က မျိုးကောင်းမျိုးသန့် ဆိုပေမယ့် တစ်ခါတစ်လေမှာ မျိုးကောင်းမျိုးသန့်ဆိုပြီးတော့ ရောင်းပေးလိုက်တဲ့ မျိုးတွေဟာ မမှန်တဲ့မျိုးတွေ ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။

ဒီနေရာမှာလည်း မျိုးကောင်းမျိုးသန့် ဆိုတဲ့နေရာမှာ မျိုးမှန်ဆိုတာကိုလည်း ထည့်သွင်း စဥ်းစားဖို့ လိုပါတယ်။ အဲဒီလို မမှန်တဲ့ မျိုးစေ့တွေ ဖြန့်ဖြူးခဲ့လို့ ဆုံးရှုံးခဲ့ရတာတွေ၊ အာနိသင် မရှိတဲ့ ပိုးသတ်ဆေးတွေကြောင့် ဆုံးရှုံးခဲ့ရတာတွေ၊ မြေဩဇာ အချိန်မီ မရလို့ ဒီထုတ်ကုန်အတွက် ထွက်နှုန်း လျော့တာတွေ၊ ပုဂ္ဂလိကတွေရဲ့ လက်ထဲမှာ အမှန်တကယ် လုပ်ကိုင်ခွင့်မရှိပါဘဲနဲ့ ဒေသခံတောင်သူ လယ်သမားတွေရဲ့အပေါ် တရားစွဲဆိုခဲ့ပြီး နစ်နာဆုံးရှုံး ခဲ့ရတာတွေလည်း အများကြီးပါပဲ။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကို တိုင်ကြားလာတဲ့ တောင်သူလယ်သမားတွေရဲ့ တိုင်ကြားစာတွေမှာ ဆိုလို့ရှိရင် တော်တော်များများ တွေ့ရပါတယ်။ အဲဒီလို တောင်သူလယ်သမား တွေရဲ့ အပေါ်မှာ နစ်နာဆုံးရှုံးအောင် လုပ်ခဲ့တဲ့ ဥပဒေမဲ့လုပ်ရပ်တွေကို ပြစ်ဒဏ်ပေးနိုင်မယ့် ပြစ်မှု ပြစ်ဒဏ်ပြဋ္ဌာန်းချက်တွေ ပါရှိဖို့လိုတယ်လို့ တင်ပြလိုပါတယ်။ ဥပမာတစ်ခုအနေနဲ့ မည်သူမဆို တရားရုံးများတွင် အမှန်တကယ် လုပ်ပိုင်ခွင့်မရှိဘဲ ဒေသခံတောင်သူလယ်သမားများကို တရားစွဲ ဆိုခြင်း၊ စစ်ဆေးပေါ်ပေါက်ခဲ့သော် ထိုသို့ မမှန်မကန် စွဲဆိုမှုများကို ထောင်ဒဏ်နှင့်ငွေဒဏ်များ ချမှတ်နိုင်စေရန် ပြစ်မှုပြစ်ဒဏ် ပြဋ္ဌာန်းပေးခြင်းအားဖြင့် တောင်သူလယ်သမားတွေကို ဥပဒေမဲ့ တရားစွဲဆိုခြင်းက သက်သာရာရနိုင်ပါတယ်။ ဒေသခံ တောင်သူလယ်သမားများ အမှန်တကယ် လုပ်ကိုင်စားသောက်နေတဲ့ လယ်ယာမြေကို တရားဝင်လုပ်ပိုင်ခွင့် ရရှိရေးအတွက် ကူညီဆောင်ရွက် ပေးရမယ့် အချက်တွေအပြင် ယင်းတို့တရားဝင် လုပ်ကိုင်ထားရှိထားမှုတွေကို နစ်နာဆုံးရှုံးမှု မဖြစ် ပေါ်အောင် ဥပဒေအရ ကာကွယ်ပေးဖို့ လိုအပ်ပါတယ်။ အမှန်တကယ် လုပ်ပိုင်ခွင့်လက်မှတ် မတင်ပြ နိုင်ဘဲ ဒေသခံတောင်သူလယ်သမားတွေကို တရားစွဲဆိုခြင်းများ မရှိစေရန် ကာကွယ်ပေးနိုင်တဲ့ ပြဋ္ဌာန်းချက်တွေ ပါဝင်စေလိုပါတယ်။ တောင်သူလယ်သမား အခွင့်အရေးများကို ကျူးလွန် ဖောက်ဖျက်သော မည်သူကိုမဆို ဦးဆောင်အဖွဲ့က တောင်သူလယ်သမားများရဲ့ ကိုယ်စားတရားစွဲ ဆိုသင့်က စွဲဆိုနိုင်ဖို့ကိုလည်း ပြဋ္ဌာန်းပေးသင့်က ပြဋ္ဌာန်းပေးစေလိုပါတယ်။

နောက်ပြီးတော့ ဒီလယ်ယာမြေဥပဒေတွေမှာ ဖော်ပြထားတဲ့ ကွဲ၊ နွားစားကျက်၊ ရွာပေါ် မြေတွေ မပျက်စီးစေပဲ ဆက်လက်ထားရှိရမယ်ဆိုပေမယ်လို့ အလွဲသုံးစားလုပ်ခဲ့တာတွေ ရှိပါတယ်။ ဒါတွေဟာ တောင်သူလယ်သမားတွေရဲ့ နစ်နာဆုံးရှုံးမှုတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို နစ်နာဆုံးရှုံးမှု မဖြစ်အောင် ထိရောက်စွာ အရေးယူပေးနိုင်ဖို့ ပြဋ္ဌာန်းချက်တွေလိုမယ်လို့ တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြဆွေးနွေးခဲ့တဲ့ ဥပဒေ ပြင်ဆင်ချက်တွေအပြင် တောင်သူလယ်သမား ရသင့်ရထိုက်တဲ့ အကျိုးစီးပွား ဖြစ်ထွန်းစေမယ့် မနစ်နာ မဆုံးရှုံးသင့်တဲ့ အခွင့်အရေးတွေကို ပြည့်ပြည့်စုံစုံဖြစ်အောင် ထပ်မံဖြည့်စွက် ပေးစေလိုပါတယ်။ ဒါ့အပြင် အဲဒီအခွင့်အရေးတွေကို နစ်နာဆုံးရှုံးအောင်လုပ်တဲ့ပုဂ္ဂိုလ်တွေ အဖွဲ့အစည်းတွေကို ဥပဒေ ကြောင်းအရ ထိရောက်စွာ ကာကွယ်ပေးနိုင်မှာဖြစ်တဲ့အကြောင်းနဲ့ ထည့်သွင်းပြဋ္ဌာန်းပေးနိုင်ပါရန် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း ဆွေးနွေးပါ။

**အချိန်၊ ၁၁း၄၈။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ဝိညာဥ်သုံးပါး ကျန်းမာချမ်းသာကြ ပါစေကြောင်း ဆုမွန်ကောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ဖလမ်းမြို့နယ်အရှေ့ခြမ်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကနေပြီး အတည်ပြုပေးဖို့ထားတဲ့ ဒီတောင်သူ လယ်သမားများရဲ့ ဥပဒေများကို ဖြည့်စွက်ပြီးတော့ ကျွန်တော် နည်းနည်းဆွေးနွေးလိုပါတယ်။

အခန်း(၃)၊ အပိုဒ် ၄၊ အခန်း (၆)၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ဆ)တို့မှာ ကျွန်တော်နည်းနည်း ဖြည့်စွက်လိုပါတယ်။ ကျွန်တော့်ရှေ့မှာလည်း ကိုယ်စားလှယ်တော်တော်များများကနေပြီးမှ ဆွေးနွေး သွားပြီး ဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ဒီအခန်း(၃)၊ အပိုဒ်(၅)၊(ဋ) မှာ ဘာရှိသလဲဆိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတွင် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်း တာဝန်များလို့ ဖော်ပြထားတာ တွေ့ပါတယ်။ ခုန ကိုယ်စားလှယ်များ တင်ပြသလို ကျွန်တော်တို့ ဗဟိုအဖွဲ့မှာတော့ ဖွဲ့ပြီးပြီ။ ဒါပေမဲ့ တိုင်းနဲ့ ပြည်နယ်အဆင့်မှာ ကျွန်တော်တို့ မဖွဲ့သေးပါဘူး။ ဒါပေမဲ့ ဖွဲ့ရမယ်ဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ထိုနည်းတူစွာပဲ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အထိ ကျွန်တော်တို့ ဖွဲ့စည်းဖို့ လိုပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ကျွန်တော့် ဆန္ဒပြောရမယ် ဆိုရင် ကျွန်တော်တို့ ဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ စိုက်ပျိုးရေးဝန်ကြီးကို ကျွန်တော်တို့ ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်စေပြီး တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးဌာန တွေမှာ ကျွန်တော်တို့ ညွှန်ကြားရေးမှူးကို အတွင်းရေးမှူးအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်စေလို့ ရှိရင် ပိုပြီး ပီပြင်လိမ့်မယ်လို့ ယူဆပါတယ်။ နောက် ကျွန်တော်တို့ ဖွဲ့စည်းမယ့်အထဲမှာ ကျွန်တော်တို့ ကျေးရွာအုပ်စုအဖွဲ့ကိုလည်းပဲ ဖွဲ့တဲ့အခါမှာ ဒီဟာအဓိကလို့ ကျွန်တော်ယူဆပါတယ်။ ဘာလဲဆိုတော့

ကျွန်တော်တို့ အခြေခံလုပ်ငန်းမှာ ကျွန်တော်တို့ တောင်သူလယ်သမားရဲ့ ကျွန်တော်တို့ အုပ်စုအထဲမှာပဲ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အုပ်စုထဲမှာ ဖွဲ့စည်းတဲ့အခါမှာ တောင်သူလယ်သမားများ အနေနဲ့ မိမိတို့လိုအပ်တဲ့ဟာ မိမိတို့လိုချင်တဲ့ဟာကို ကျွန်တော်တို့အထက်သို့ Bottom Up သဘောအနေနဲ့ တင်ပြလာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ဝမ်းနာ ကိုယ်သာသိဆိုသလို သူတို့ရဲ့ လိုအပ်ချက်တွေကို သူတို့က အသိဆုံးဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဓိကအလေးထားပြီးမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အဖွဲ့အစည်းကိုလည်း အလေးထားပေးသင့်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ နောက် ကျွန်တော်တို့ အခန်း ၆၊ အပိုဒ် ၁၈၊ အပိုဒ်ခွဲ (ဆ)မှာ ဘာဖော်ပြထားသလဲဆိုတော့ သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ပိုးသတ်ဆေးနဲ့ ဓာတ်မြေသြဇာကဏ္ဍမှာဆိုရင် ကျွန်တော်တို့ ပြည်တွင်းမှာ စက်ရုံ လေး၊ ငါးရုံလောက်နဲ့ ထုတ်လုပ်လျက်ရှိပါတယ်။ နောက် နိုင်ငံခြားကနေပြီးမှ ဓာတ်မြေသြဇာများကို သွင်းယူရောင်းချလျက် ပြုလုပ်နေလျက်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်တွင်းထုတ်တဲ့ဟာကို နိုင်ငံခြားကနေသွင်းတဲ့ဟာလောက် ကျွန်တော်တို့ အဆင့်မမီပါဘူး။ အာနိသင်လည်း လျော့နည်းကြောင်း ကျွန်တော်တို့ ဒီတောင်သူလယ်သမားများ အသုံးပြုသူများဆီကနေ ကျွန်တော်တို့ ကြားသိရပါတယ်။ အဲဒါကို ကျွန်တော်တို့ တစ်မျိုးတစ်ဖုံအားဖြင့် ကျွန်တော်တို့ ရှင်းလင်းနိုင်အောင် ကျွန်တော်တို့ အရည်အချင်း စစ်ဆေးရေးအဖွဲ့လည်း ဖွဲ့ပြီးပြီဆိုတော့ အဲဒါကို ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးမှ ကျွန်တော်တို့ ဓာတ်မြေသြဇာဈေးနှုန်းကို အလွန်ကြီးမားတဲ့အတွက်ကြောင့် ဒီအာနိသင် မပြည့်တဲ့ ဓာတ်မြေသြဇာများကို ကျွန်တော်တို့ ဈေးနှုန်းလျှော့ချပြီးမှ ကန့်သတ်နိုင်လို့ရှိရင် တောင်သူလယ်သမားများအတွက် နစ်နာမှုကိုလည်း ကျွန်တော်တို့ နည်းနည်းဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဒီသွင်းအားစုဖြစ်တဲ့ ဓာတ်မြေသြဇာရော၊ နောက် ရပ်ကွက်အထိ ကျွန်တော်တို့ ဖွဲ့စည်းမယ့် အခုဟာရော ကျွန်တော်တို့ ဤကဲ့သို့ ပီပီပြင်ပြင် လုပ်နိုင်လို့ရှိရင် တောင်သူလယ်သမားများ သူတို့လုပ်ငန်းခွင်မှာ စိတ်ကြည်လင်စွာ သြတ္တပစိတ် ကင်းရှင်းစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မယ်ဖြစ်တဲ့အတွက် တိုင်းပြည်ကိုလည်း ကျွန်တော်တို့ တစ်ဖက်တစ်လမ်းကနေပြီးမှ တိုးတက်ကြီးပွားလာမှာ ဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းပါ ဖော်ပြထားတဲ့ အချက်အလက်များကိုလည်း ကျွန်တော်က လုံးဝထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်နိုင် ရယ်၊ ဦးမှတ်ကြီး ရယ်၊ ဒေါက်တာအေးမောင် ရယ်၊ ဦးဖုန်းမြင့်အောင်ရယ်၊ နေ့လယ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီမှာ ပါသလား၊ ပါလား၊ မပါဘူး၊ မပါဘူးနော်၊ ဦးမှတ်ကြီး ရော မပါဘူးနော်။ အဲဒါဆိုရင် အခုအစည်းအဝေးကို (၁၀)မိနစ် ခေတ္တရပ်နားပါမယ်။ ရပ်နားတဲ့အခါမှာ အစည်းအဝေး တက်ရမယ့် ပုဂ္ဂိုလ်များ ခုနက ဆွေးနွေးရန် ကျန်တဲ့ပုဂ္ဂိုလ်မှအပပေါ့။ ကျန်တဲ့အစည်းအဝေး တက်ရမယ့်ပုဂ္ဂိုလ်များတော့ ထွက်ခွာလို့ရပါပြီ။ ကျန်တဲ့ ပုဂ္ဂိုလ်တွေကတော့ (၁၀)မိနစ်နားပြီးတော့ ဆက်လုပ်ပါမယ်။

**အချိန်၊ ၁၁း၅၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၀၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၂း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမောင် ကို အရေးကြီးတဲ့ အစည်းအဝေး စေလွှတ်ရန်ရှိတဲ့အတွက် ဆွေးနွေးဆဲ အစီအစဉ်ကို ခေတ္တဆိုင်းငံ့ပြီး အစီအစဉ်(၇)ကို ဆောင်ရွက်ခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။

ဒေါက်တာအေးမောင် ကလည်း (၅)မိနစ်အတွင်းမှာ ပြီးပြတ်အောင်တင်ဖို့ ဖြစ်ပါတယ်။

## ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဤလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၆။**

**ဦးမင်းမျိုးတင့်လွင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဒေါက်တာအေးမောင် ၏ အဆို အား ကျွန်တော်က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ကိုတော့ ဖတ်ကြားခြင်း မပြုပါနဲ့တော့။ ဆွေးနွေးတဲ့အချိန်ကျမှပဲ အသေးစိတ် ဖတ်တော့ပေါ့။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၂:၁၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ကျွန်တော်တို့ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်း ဆိုတာ အခြေခံဥပဒေပုဒ်မ အခန်း(၁၀)၊ ပုဒ်မ ၄၀၄(က)မှာ တို့တာဝန်အရေး(၃)ပါးကို ပြည်ထောင်စု မပြိုကွဲရေး၊ ဟုတ်လား၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့တာဝန် အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်မယ့်သူ ဖြစ်မယ်။ နောက်တစ်ခါ ပုဒ်မ ၄၀၄(ခ)မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေတဲ့သူဖြစ်ရင် ပြီးပြီ။ အဲဒီလို ဖြစ်တဲ့သူတွေဟာ ဒီမှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံသား ဆိုပြီးတော့ သူက ကျယ်ပြန့်စွာ ဖော်ပြထားတာဖြစ်တဲ့ အတွက်ကြောင့် Equality ဖြစ်တယ်၊ တန်းတူအခွင့်အရေး ရတယ်၊ ဒါတွေကို ချိုးဖောက်ပြီးတော့၊ အခြေခံဥပဒေကို ချိုးဖောက်ပြီးတော့ ဒီလိုမျိုး ပြန်ပြင်မယ်ဆိုရင် မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဒီ အဆိုကို ကျွန်တော်အနေနဲ့ ကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကန့်ကွက်တဲ့သူ ရှိတဲ့အတွက် မဲခွဲဖို့လိုပါတယ်။ သို့သော် ဒီနေ့ လူမစုံတဲ့အတွက် ဒီအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ပါတယ်။

ဒေါက်တာအေးမောင် ထွက်ခွာလို့ ရပါပြီ။

**အချိန်၊ ၁၂း၁၂**။

**ဥက္ကဋ္ဌ**။ ။ မူလ ဆွေးနွေးတဲ့ ခေါင်းစဉ်ရဲ့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၂**။

**ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဂါရဝပြုဆုတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်နိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ်မှာ အချက်တစ်ချက်သာလျှင် ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ အစီရင်ခံစာ၏ လေ့လာတွေ့ရှိချက် အပိုဒ်(၃)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲငယ်(က)မှာ နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်ယာမြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့် ဟု ဖော်ပြထားတာ တွေ့ရပါတယ်။

အဲဒီ အထက်ဖော်ပြပါ စာပိုဒ်ကို ခွဲခြားကြည့်လိုက်တဲ့အခါမှာ ဆန့်ကျင်ဘက် အဓိပ္ပာယ် (၂)မျိုး သက်ရောက်နေပါတယ်။ ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်ယာမြေပေါ်မှာ မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ စိုက်ပျိုးခွင့် ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါဟာ လွတ်လပ်စွာ စိုက်ပျိုးခွင့် ပေးသလိုလိုနဲ့ ချုပ်ကိုင်ထားခြင်းသာ ဖြစ်ပါတယ်။ ဥပဒေတစ်ရပ် ပြဋ္ဌာန်းရာမှာ တိကျပြတ်သား ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုး ဖြစ်ရပါမယ်။ လွတ်လပ်စွာ စိုက်ပျိုးခွင့် ပေးမယ်ဆိုရင်လည်း ရှင်းလင်းပြတ်သားစွာ ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများဟာ မိမိတို့ လယ်ယာမြေကို သိပ်ပြီးတွယ်တာကြပါတယ်။ မိမိတို့ စပါးစိုက်ပျိုးတဲ့ အလုပ်ကို အင်မတန်မှ ခုံမင်နှစ်သက်ကြပါတယ်။ အရှုံးပေါ်နေထဲကတောင် လယ်ယာမြေ ဆန်စပါးကို စိုက်ပျိုးလျက် ရှိပါတယ်။ ကျွန်တော်တို့ ပြဋ္ဌာန်းမယ့် ဥပဒေဟာလည်း တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ဆိုတဲ့အတိုင်း မိမိတို့ လယ်ယာမြေကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ရလိုကြတဲ့ တောင်သူလယ်သမားများကို ထိထိရောက်ရောက် အကာအကွယ် ပေးဖို့ လိုအပ်လှပါတယ်။ သို့မှသာ သူတို့ရဲ့ အကျိုးစီးပွားကို မြှင့်တင်ပေးရာရောက်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အစီရင်ခံစာရဲ့ အပိုဒ်(၃)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(က)မှာ တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်းလို့ အတိအလင်းဖော်ပြထားပြီးဖြစ်တာကိုလည်း တွေ့ရပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်များအနေနဲ့ဆိုရင် ပုဒ်မ ၅၊ အပိုဒ်ခွဲ(က)ဟာ အထက်ပါအတိုင်း လွတ်လပ်ခွင့် အပြည့်အဝ ပေးထားပြီး ဖြစ်ပါလျက် ပုဒ်မ ၈၊ အပိုဒ်ခွဲ(က)မှာ ပြန်လည် ကန့်သတ်ရာ ရောက်နေတဲ့အတွက် ရှေ့၊ နောက် လုံးဝမညီလျက်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ပုဒ်မ ၈၊ အပိုဒ်ခွဲ(က)ပါ နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ ဟူသော စကားရပ်ကို ဖြုတ်ပယ်ပြီး ရှေ့၊ နောက် ဆီလျော်မှုရှိစေရန် မိမိတို့ လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံများကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့် ဟုသာ ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၄။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဒီ အခန်း(၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)မှာ ပါတဲ့ စကားရပ်လေးတစ်ခုကို ထပ်ပြီး ဖြည့်စွက်ချင်ပါတယ်။ အဲဒီမှာ ဘာလဲဆိုတော့ လုပ်ကွက်ငယ်တောင်သူလယ်သမားများကို ကူညီဖို့ ဆိုပြီးတော့ နောက် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှုနဲ့ အခြားအကြောင်းများကြောင့်သော်လည်းကောင်း ဆိုပြီးတော့ ကျွန်တော်တို့ ပါရှိပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ထပ်ဖြည့်ချင်တာ ဘာလဲဆိုတော့ ပိုးမွှားကျရောက်မှု ဆိုတဲ့ စကားလုံးမှာ ပိုးမွှား အပြင်ကို ရောဂါ၊ သီးနှံတွေမှာဆိုရင် ကျွန်တော်တို့ ပိုးမွှားကျရောက်မှုနဲ့ ရောဂါကျရောက်မှုဟာ မတူပါဘူး။ အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့ ပိုးမွှားကျရောက်မှု တစ်ခုတည်းကိုပဲ အဓိပ္ပာယ် သက်ရောက်တယ်လို့ ယူဆနိုင်တယ်။ နောက် တောင်သူလယ်သမားများအနေနဲ့လည်း ဒါ အလွယ်တကူ သိရှိနိုင်ဖို့အတွက် ပိုးမွှားရောဂါ ဆိုတဲ့ ပိုးမွှား နောက်က ရောဂါကျရောက်မှု ဆိုတဲ့ဟာလေးကို ဖြည့်စွက်ခြင်းအားဖြင့် တောင်သူလယ်သမားများ အလွယ်တကူ သိရှိနိုင်တဲ့အတွက် ပိုးမွှားနောက်မှာ ဒီရောဂါကျရောက်မှုကို ကျွန်တော်တို့ ဒါ ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။ ဒါလေးကိုလည်း ကျွန်တော်တို့ ဖြည့်စွက်ချင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ယခင်တုန်းက ကျွန်တော်တို့ အပင် ပိုးမွှားကာကွယ်ခြင်း ဆိုတဲ့ ဥပဒေမှာ ပိုးမွှားဆိုတဲ့ Definition ကို ဖွင့်တဲ့အခါမှာတော့ ရောဂါ ပါတယ်လို့ ဆိုတယ်။ သို့သော်လည်းပဲ ဒါဟာ ပညာရှင်တချို့သာလျှင်သိတဲ့ စကားလုံး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများ အများစုသိနိုင်တဲ့ ပိုးမွှားရောဂါ ကျရောက်မှု ဆိုတဲ့ စကားလုံး ရောဂါကျရောက်မှု ဆိုတာလေးကို ကျွန်တော်တို့ ထပ်ဖြည့်စွက်ခွင့်ပြုပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က သတင်းမီဒီယာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ ယခု အစီအစဉ်(၉)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ သတင်းမီဒီယာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီယာယီက သတင်းမီဒီယာဥပဒေကြမ်းကို ရေးဆွဲခဲ့ပါတယ်။ ဤဥပဒေကြမ်းကို သက်ဆိုင်ရာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အခါမှာ ပထမမူဝါဒ အချက်(၁၇)ချက်အပေါ်မှာ ကွဲလွဲမှုရှိပေမယ့် ဆွေးနွေးပြီး နောက်ပိုင်းမှာ အချက်(၁၄)ချက် သဘောတူညီမှု ရရှိခဲ့ပါတယ်။ ကျန်ရှိတဲ့ (၃)ချက်ကို လွှတ်တော်မှာတင်ပြပြီး လွှတ်တော်ကနေမှ အဆုံးအဖြတ်ခံယူရန် ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ရေးဆွဲခဲ့သော သတင်းမီဒီယာဥပဒေကြမ်းကို ကျွန်တော်မှ ကိုယ်စား တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အခု တင်သွင်းတဲ့ ဥပဒေကြမ်းက ခုန ညှိနှိုင်းပြီးသား (၁၄)ချက် ပြင်ပြီးသားပေါ့။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဟုတ်ကဲ့ပါခင်ဗျ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်။ ဥပဒေကြမ်းကိုလည်း အားလုံးဖြန့်ဝေထားပြီးသားပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ရပြီးသားပေါ့။ ရပြီးပြီနော်။ ကောင်းပြီ။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၁၇။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် တင်သွင်းသော သတင်းမီဒီယာ ဥပဒေကြမ်းအား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစောထွန်းမြအောင် က ထောက်ခံပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက သတင်းမီဒီယာ ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂:၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘော ထား ရယူပါမယ်။

သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့ သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနဲ့ ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂:၁၉။**

**ဥက္ကဋ္ဌ။** ။ သတင်းမီဒီယာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်(တနင်္လာနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို (၁၂း၂၁)နာရီအချိန်တွင် ရပ်နားပါသည်။]